ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်၊ စနေနေ့ (21-12-2013) (၇၇၀၁)

“ပြိုင်ပွဲဝင် အားကစားမောင်မယ်များဟာ လေ့ခွက်ချည်းကျန်အလံမလှဲသော စိတ်ဓာတ်ကိုရင်ဝယ်ပိုက်လျက် ကြိုးစားယှဉ်ပြိုင်နေကြတာကို မျက်ဝါးထင်ထင်မြင်နေရသလို ပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်နဲ့ တစ်ခဲနက်အားပေးကြလျက်ရှိ”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
SEA Games ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များသို့
သဝဏ်လွှာပေးပို့

စာမျက်နှာ » ၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်လူမျိုးများ၏ နိုင်ငံတကာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်လူမျိုးများ၏ နိုင်ငံတကာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mme. Li Xiaolin နှင့် အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်ရေးအဆင့်မြှင့်တင်ထားမှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစဉ်များအဖြစ် ယဉ်ကျေးမှုဖလှယ်ခြင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်းများ ဖွဲ့စည်းခြင်းများပါရှိပြီး အသင်းလုပ်ရှားမှုများကိုလည်း အများအပြား ဆောင်ရွက်နိုင်ခဲ့မှု၊ အနာဂတ်လူငယ်ပညာတော်သင်များ လဲလှယ်ခြင်း၊ အရည်အသွေးမြင့်မားရေးဆိုင်ရာသင်တန်းများပေးခြင်းတို့ကို ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တရုတ်လူမျိုးများ၏ နိုင်ငံတကာချစ်ကြည်ရေးအသင်းကို နိုင်ငံပေါင်း ၁၈၇ နိုင်ငံတွင် အသင်းအဖွဲ့ပေါင်း ၅၀၀ ကျော်ဖွဲ့စည်းထားရှိပြီး ၂၀၁၄ ခုနှစ် မေလတွင် အသင်း၏ သက်တမ်းမှာ နှစ်(၆၀)ပြည့်မြောက်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်လူမျိုးများ၏ နိုင်ငံတကာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mme. Li Xiaolin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဒီဇင်ဘာ ၂၀ ရက်က ရွှေတံဆိပ် ရရှိခဲ့သော မြန်မာ အမျိုးသား နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းအသင်း အောင်ပွဲခံနေစဉ်။
(ဓာတ်ပုံ-စိုးညွန့်)

‘မွေ’ ပြိုင်ပွဲ ယနေ့ ဗိုလ်လုမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

(၂၇)ကြိမ်မြောက် ဆီးဂိမ်း “မွေ”အားကစားပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း “မွေ” အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ အမျိုးသားပြိုင်ပွဲတွင် အတန်း(၉)တန်းကျင်းပခဲ့ရာ လေးဦး ဗိုလ်လုပွဲတက်ရောက်ပြီး အမျိုးသမီးပြိုင်ပွဲ လေးတန်းတွင် မြန်မာအမျိုးသမီးသုံးဦး ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။

ဗိုလ်လုပွဲတက်ရောက်ခဲ့သော အမျိုးသားမွေအားကစားသမားများမှာ စောဒါပို့(၅၄ ကီလိုတန်း)၊ မောင်မောင်တူး(၆၇ ကီလိုတန်း)၊ ထွန်းထွန်းမင်း(၇၁ ကီလိုတန်း)၊ အောင်မြင့်ဝင်း(ခ)စောငမန်း (၇၅ ကီလိုတန်း)တို့ဖြစ်ပြီး အမျိုးသမီးများမှာ လှယဉ်မေ(၄၈ ကီလိုတန်း)၊ ဂရေ့(စ်)(၅၁ ကီလိုတန်း)၊ သူဇာဟန်(၆၀ ကီလိုတန်း)တို့ဖြစ်ကြသည်။ **(ဇော်မင်းအောင်)**

ကြေးမုံစာတည်းရှေ့ထောင့် ၂၁-၁၂-၂၀၁၃၊ စနေနေ့

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေး

မိမိတို့နိုင်ငံ၏ ကျောင်းများတွင် မူလတန်းမှသည် တက္ကသိုလ်များထိ ကျောင်းတိုင်းမှာ ကျောင်းစာကြည့်တိုက်များ အသီးသီးရှိနေပြီဖြစ်ပါသည်။ လိုအပ်သော ဖတ်ဖွယ်၊ မှတ်ဖွယ်စာအုပ်စာပေအမျိုးမျိုးကိုလည်း ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအပြင် မိဘပြည်သူ အလှူရှင်များက လိုလေသေးမရှိ ဖြည့်ဆည်းလှူဒါန်းအားတက်သရောရှိနေကြသည်။ ဝမ်းမြောက် သာဓုခေါ်စရာ မြတ်သော "ပညာ" အလှူတစ်ရပ်ဖြစ်ပါသည်။

"အလိမ္မာစာမှာရှိ" အဆိုအမိန့်ဆိုရိုးစကားအတိုင်း 'စာပေ' ရတနာများ အစုအဝေးနှင့်တည်ရှိရာ စာကြည့်တိုက်များ မရှိမဖြစ်လိုအပ်သည်မှာ ငြင်းမရနိုင်သော အမှန်တရားဖြစ်ပါသည်။ ထို့ကြောင့်လည်း ပွင့်လင်းလူ့အဖွဲ့အစည်းနှင့်အတူ နိုင်ငံအနှံ့မြို့တိုင်း၊ ရွာတိုင်း၊ကျောင်းတိုင်းမှာ စာကြည့်တိုက်များ ပေါ်ပေါက်လာသည်။ ယခုဆိုလျှင် တစ်နိုင်ငံလုံးအနှံ့မှာ ကျေးလက်စာကြည့်တိုက်ပေါင်း ခြောက်သောင်းဝန်းကျင်ထိ ဖွင့်လှစ်လျက်ရှိနေပါပြီ။

ထိုနည်းတူ ကျောင်းစာကြည့်တိုက်များသည်လည်း ကျောင်းတိုင်းနီးပါးမှာ ဖွင့်လှစ်ပြီး၊ဖွင့်လှစ်နေဆဲရှိနေရာ နိုင်ငံတော်နှင့်ပြည်သူတို့၏ စာကြည့်တိုက်အပေါ်ထားရှိသည့် ဦးတည်ချက်နှင့်စေတနာကို သိသာစေပါသည်။ နှစ်စဉ်နှစ်တိုင်းလည်း မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် အလှူရှင်များက အလှူငွေအပြင် စာအုပ်စာပေများဖြည့်ဆည်းပေးလျက်ရှိနေသည်။

ယခုလို စာဆိုတော်လရာသီ နတ်တော်လရောက်တိုင်း နိုင်ငံအနှံ့မှာ စာပေဟောပြောပွဲများကို ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးတွဲကျင်းပနေသည်မှာ 'စာဖတ်ရှိန်မြှင့်တင်ရေး'အတွက် တွန်းအားတစ်ရပ်ဖြစ်စေမည်မှာ အမှန်ဖြစ်ပါသည်။ စာဖတ်မှ အသိကြွယ်မည်။ အသိကြွယ်မှ ခေတ်စနစ်နှင့်အညီ ပြုမူကျင့်ကြံလိုက်လျောညီထွေနေထိုင်တတ်လာမည်။ ပညာဗဟုသုတက မိမိ၏ကံသုံးပါးကို ဖွံ့ဖြိုးလာစေမည်။ ထိုထိုသော နိုင်ငံသားများနှင့် ဖွဲ့တည်လာသော မိမိတို့နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်သောလမ်းကြောင်းမှန်ပေါ် ရောက်ရှိလာနိုင်မည်မှာအမှန်ဖြစ်ပါသည်။ လက်ရှိတည်ဆောက်နေသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို နိုင်ငံသားတစ်ဦးချင်းစီ၏ မိမိကိုယ်မိမိ တာဝန်ယူတတ်မှု၊ တာဝန်ခံတတ်မှုနှင့် စုပေါင်းတည်ဆောက်နိုင်မှသာ ပီပြင်လာမည်မဟုတ်ပါလော။

ထိုထိုသော နိုင်ငံသားများကို မွေးထုတ်ပေးရာ ကျောင်းပရဝဏ်အတွင်းမှ အသိအလိမ္မာဉယျာဉ် "ကျောင်းစာကြည့်တိုက်များ" ဖွံ့ဖြိုးရှင်သန်ရှိနေဖို့သည် နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သည်ဟု ဆိုရပါမည်။

ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးတွင် အတွင်း အပြင် နှစ်ဌာန ပေါင်းစည်းအားလိုအပ်ပါသည်။တစ်နည်း လက်ဝဲ၊ လက်ယာ လက်နှစ် ဖက်၏ တွဲလက်ညီဖို့လိုအပ်ပါသည်။ အပြင်စည်းမှ နိုင်ငံတော်အပါအဝင် အလှူရှင်များ၏ ပံ့ပိုးပေးမှုကို အတွင်းစည်းမှ ဆရာများ၏ သွက်လက်ချက်ချာ စနစ်တကျ စီမံခန့်ခွဲပေးနိုင်မှုရှိမှသာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးလာနိုင်ပါလိမ့်မည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့နိုင်ငံ၏အနာဂတ် အမျိုးသားပညာရည်မြင့်မားရေးတွင် ကျောင်းစာကြည့်တိုက်များက မရှိမဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ကျောင်းစာကြည့်တိုက်များ အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှု လိုငွေ ဒေါ်လာသန်း ၁၀၀၀ ကျော်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၁၃-၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၈၇ ဒသမ ၄၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၈၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၂၈ ဒသမ ၂၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆၆ ဒသမ ၃၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၇၆ သန်းနှင့် စုစုပေါင်းသွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၆ ဒသမ ၁၃သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၈၇ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၁၂၉ ဒသမ ၂၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၁၂ ဒသမ ၆၃ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၁၄၁ ဒသမ ၈၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၁၉၅ ဒသမ ၁၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၁ ဒသမ ၉၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၉၇ ဒသမ ၀၁ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်းစုစုပေါင်းကုန်သွယ်မှု လိုငွေမှာ အမေရိကန်ဒေါ်လာ ၁၂၅၅ ဒသမ ၁၇ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။ **(ကြေးမုံ)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	[illegible]	၂၀
ရန်ကုန် ရွှေဈေး	[illegible]	- ၆၄၆၀၀၀
မန္တလေး ရွှေဈေး	၆၄၄၆၀၀	- ၆၄၅၆၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၁၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၁. ၉
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၆. ၂၁
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၂. ၀၈
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၈၆
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၄၁
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၃၃
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၄၂. ၈၄
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၅၇၇
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၁. ၈၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်၊သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့်ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ ၂၁-၁၂-၂၀၁၃ ရက်တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ ဒေါပုံ၊ သာကေတ၊ ပုဇွန်တောင်၊ တာမွေ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ မရမ်းကုန်း၊ လှိုင်၊ ပန်းဘဲတန်း၊ ကမာရွတ်၊ စမ်းချောင်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ အင်းစိန်၊ တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ မှော်ဘီ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်များ၏ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ကြောင်း။

၂၂-၁၂-၂၀၁၃ ရက်တွင် ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ သဃ်န်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ မရမ်းကုန်း၊ ကမာရွတ်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ လှည်းကူး၊ ဖောင်ကြီး၊ ဒါးပိန်၊ ရွှေပြည်သာ၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီ ညနေ ၅ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ကြောင်း။

ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့အသိပေးပန်ကြားထားကြောင်း သိရသည်။ **(ကြေးမုံ)**

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံ့ပုံရိပ်နဲ့ နိုင်ငံ့ဂုဏ်သိက္ခာကို ဂုဏ်ယူဝင့်ကြွားနိုင်အောင် ဆက်လက်ကြိုးပမ်းမြှင့်တင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က SEA Games ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များသို့ ပေးပို့သော သဝဏ်လွှာ

အမိနိုင်ငံတော်ကို ကိုယ်စားပြုသော အားကစားပြိုင်ပွဲဝင် မောင်တို့မယ်တို့-

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိတဲ့ ယနေ့အချိန်အခါမှာ ပြိုင်ပွဲဝင် အားကစားမောင်မယ်များဟာ လေ့ခွက်ချည်းကျန်အလံမလှဲသော စိတ်ဓာတ်ကို ရင်ဝယ်ပိုက်လျက် ကြိုးစားယှဉ်ပြိုင်နေကြတာကို မျက်ဝါးထင်ထင်မြင်နေရသလို ပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံချစ်စိတ်၊ အမျိုးသားရေးစိတ်နဲ့ တစ်ခဲနက်အားပေးကြလျက်ရှိပါတယ်။ အမျိုးမျိုးသော အားကစားပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေကိုရယူနိုင်ခဲ့တာဟာ မောင်တို့မယ်တို့ရဲ့ အနှစ်နှစ်အလလ အပင်ပန်းခံကြိုးစားအားထုတ်ခဲ့မှုတွေရဲ့ ရလဒ်တွေပဲ ဖြစ်ပါတယ်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲမှာဆိုရင် တစ်နိုင်ငံလုံးရဲ့ မျှော်လင့်ချက်တွေကို ထမ်းပိုးထားခဲ့တဲ့ သမီးငယ်တွေဟာ အမိနိုင်ငံရဲ့ သမီးကောင်းရတနာများပီပီ တတ်နိုင်သမျှဆိုတာထက်သာလွန်တဲ့ကြိုးစားအားထုတ်မှုနဲ့ မြန်မာနိုင်ငံသားတွေရဲ့ အနိုင်မခံအရှုံးမပေးတဲ့ စိတ်ဓာတ်၊ အိမ်ရှင်နိုင်ငံရဲ့ သန့်ရှင်းမျှတတဲ့ အားကစားစိတ်ဓာတ်၊ အသင်းလိုက်စည်းလုံးညီညွတ်မှု၊ မခိုမကပ်တမ်းကြိုးစားအားထုတ်မှုတို့ကို စံနမူနာအတုယူဖွယ်ရာ လက်တွေ့ပြသခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများကိုယ်စား ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆု၊ ကြေးတံဆိပ်ဆုတွေ အသီးသီးရယူနိုင်ခဲ့ကြတဲ့ အားကစားမောင်မယ်တွေအတွက် ဂုဏ်ယူဝင့်ကြွားနိုင်ပြီ ဖြစ်သလို ဆုတံဆိပ်မရရှိခဲ့ကြပေမယ့်လည်း အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ကြပြီး ကံအကြောင်းမလှလို့ဆုတံဆိပ်တွေနဲ့ လွဲချော်ခဲ့ကြရတဲ့ မောင်မယ်တွေအတွက်လည်း ဂုဏ်ယူအားပေးလျက်ရှိပါတယ်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းဆိုရင်လည်း ရွှေတံဆိပ်ဆုကို မရရှိနိုင်ခဲ့ပေမယ့် ပြည်သူတွေပေးတဲ့ချန်ပီယံဆုကို ရရှိခဲ့ကြပြီဖြစ်ပါတယ်။ အလားတူပဲ SEA Games အားကစားပြိုင်ပွဲ အမျိုးအစားအသီးသီးမှာ ပါဝင်ယှဉ်ပြိုင်နေကြတဲ့ အမိနိုင်ငံရဲ့ သားကောင်းရတနာ၊ သမီးကောင်းရတနာ အားကစားမောင်မယ်တွေအားလုံးကို တစ်နိုင်ငံလုံး ပြည်သူလူထုတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲတစ်ခဲနက် အားပေးလျက် ရှိနေကြပါတယ်။ နိုင်ငံရဲ့သမိုင်းနဲ့ SEA Games ပြိုင်ပွဲသမိုင်းမှာ ဂုဏ်ယူဖွယ်ရာမှတ်တမ်းသစ်တွေ ရေးထိုးနိုင်ခဲ့ကြပြီဖြစ်တဲ့ အားကစားမောင်မယ်အားလုံးအတွက် ပြည်သူအားလုံးရဲ့ကိုယ်စား နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်သမ္မတအနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

ဆက်လက်ယှဉ်ပြိုင်ကြရမယ့် အားကစားပြိုင်ပွဲအသီးသီးမှာလည်း "မြန်မာ" ဆိုတဲ့နိုင်ငံ့ဂုဏ်၊ "မြန်မာ"ဆိုတဲ့ အမျိုးသားရေးသိက္ခာကို အစွမ်းကုန်မြှင့်တင်နိုင်ဖို့ အစွမ်းကုန်ကြိုးစားကြမယ်ဆိုတာကိုလည်း အပြည့်အဝယုံကြည်ပါတယ်။ ကိုယ်စီတာဝန်ကျေပွန်ခဲ့ကြပြီဖြစ်တဲ့ အားကစားမောင်မယ်များအားလုံး ရှေ့ဆက်ပြီးလည်း နိုင်ငံ့ပုံရိပ်နဲ့ နိုင်ငံ့ဂုဏ်သိက္ခာကို ဂုဏ်ယူဝင့်ကြွားနိုင်အောင် ဆက်လက်ကြိုးပမ်းမြှင့်တင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အာရှခြင်းလုံးအဖွဲ့ချုပ် စတင်တည်ထောင်ခြင်းအထိမ်းအမှတ် ပထမအကြိမ်စည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၀

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် သင်္ဂဟ ဟိုတယ်၌ ကျင်းပသည့် အာရှခြင်းလုံးအဖွဲ့ချုပ် စတင်တည်ထောင်ခြင်း အထိမ်းအမှတ်ပထမအကြိမ် အစည်းအဝေးကိုတက်ရောက်ပြီး အာရှခြင်းလုံးအဖွဲ့ချုပ်ဖွဲ့စည်း၍ ဝမ်းမြောက်ပါကြောင်း၊ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ထည့်သွင်းကျင်းပခွင့်ရ၍ ကျေးဇူးတင်ပါကြောင်းနှင့်ဆက်လက်၍ အာရှပြိုင်ပွဲများ၌ ပါဝင်ခွင့်ရရှိရန်ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံ(၁၁) နိုင်ငံနှင့် တရုတ်နှင့်အိန္ဒိယနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ဇေယျာသီရိအားကစားရုံ(A) ၌ကျင်းပသည့် ဗိုဗီနမ် အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်တို့နှင့်အတူတက်ရောက်သည်။ ဆုပေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့်မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမျိုးသမီးတစ်ဦးချင်းအပြ(ဓားတစ်လက်)ပြိုင်ပွဲ ပထမဆု မြန်မာနိုင်ငံမှ ခိုင်ဝါဖူး၊ ဒုတိယ ဗီယက်နမ်၊ တတိယ ကမ္ဘောဒီးယားနိုင်ငံမှ အားကစားသမားများအား ဆုတံဆိပ်များကို ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမျိုးသားနှစ်ယောက်တွဲ(ဓားအပြ) ပြိုင်ပွဲတွင် ပထမဆုရမြန်မာနိုင်ငံမှ လွှမ်းအောင်နှင့်သန်းထိုက်၊ ဒုတိယ ဗီယက်နမ်အသင်း၊ တတိယ ကမ္ဘောဒီးယားအသင်းတို့အား ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ဆုရမြန်မာ အားကစားသမားများအား ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီမှ ရွှေတံဆိပ်တစ်ခုအတွက် သိန်း ၁၀၀ စီနှင့်ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ငွေသားခုနစ်သိန်းစီချီးမြှင့်ပြီး အောင်ပွဲရ မြန်မာ အားကစားသမားများအား စိတ်ဓာတ်မြှင့်တင်အားပေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ပေးထား

ရန်ကုန် ဒီဇင်ဘာ ၂၀

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးသည် ထိုင်းနိုင်ငံ Immigration Bureau Commisioner Pol Lieutenant General Phamu Kerdlapphon နှင့် တွေ့ဆုံ ၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

မြန်မာသံအမတ်ကြီးက မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းအာဏာပိုင်များက ဖမ်းဆီးခြင်းမပြုရေး၊ ၎င်းတို့အား မှီခိုနေထိုင်သည့် ကလေးများအား ဗီဇာထုတ်ပေးရေးနှင့် ဗီဇာကြေးကို ပိုမိုကောက်ခံခြင်းမပြုဘဲ ဘတ် ၅၀၀ သာ ကောက်ခံရေးတို့နှင့်စပ်လျဉ်း၍ မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

ယင်းသို့ဆွေးနွေးချက်အရ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ မှီခိုသူကလေးများအား ဗီဇာထုတ်ပေးရေး ညွှန်ကြားချက်ရရှိထားပြီဖြစ်သဖြင့် ထိုင်းနိုင်ငံအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဗီဇာကြေးကိုလည်း ဘတ် ၅၀၀ သာ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ တည်ဆဲဥပဒေများအရ အထောက်အထားမရှိသူများအား ရံဖန်ရံခါ ဖမ်းဆီးမှုများရှိသော်လည်း မြန်မာနိုင်ငံဘက်မှ မေတ္တာရပ်ခံချက်အရ အလုပ်လုပ်ကိုင်ခွင့်သက်တမ်း လေးနှစ်ပြည့်ပြီးသူများကို ရက်ပေါင်း ၁၈၀ အတွင်း မဖမ်းဆီးရေး အထူးအခွင့်အရေးတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ရန် ထိုင်းအစိုးရအဖွဲ့က ဆုံးဖြတ်ချက်ချမှတ်ရန် ထိုင်းအလုပ်သမားဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် တရားဝင်စာရွက်စာတမ်းဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှစတင်၍ နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာဖြင့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးအပါအဝင် ကော့သောင်း-ရနောင်း၊ ထီးခီး-ဖူနမ်ရွှမ်၊ မောတောင်-ဆင်ခွန်း၊ မြဝတီ-မဲဆောက်၊ တာချီလိတ်-မယ်ဆိုင် တို့တွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်း ခြောက်ခုကို အမြန်ဆုံး ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့တောင်အာရှ "မွေ့"(ရိုးရာလက်ဝှေ့)အဖွဲ့ချုပ်ညီလာခံကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

အရှေ့တောင်အာရှ "မွေ့"ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများ မွေ့အဖွဲ့ချုပ်ညီလာခံကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီ တွင် နေပြည်တော် ရတနာသိဃ်ဟိုတယ်တွင် ကျင်းပခဲ့သည်။

ယင်းညီလာခံတွင် အရှေ့တောင်အာရှ မွေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဆိုင်စမွန်(လာအို)က အဖွင့်မိန့်ခွန်းပြောကြားပြီး အတွင်းရေးမှူး အမီကော်(မလေးရှား)က ယခင်ညီလာခံ၏ အစည်းအဝေးမှတ်တမ်းနှင့် အရှေ့တောင်အာရှ မွေ့(ရိုးရာလက်ဝှေ့)၏ စည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားအတည်ပြုပြီး ၂၀၁၄ ခုနှစ်မှစ၍ အလုပ်အမှုဆောင် အသစ်ကိုပြန်လည်ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဆိုင်စမွန်(လာအိုနိုင်ငံ)၊ ဒုဥက္ကဋ္ဌ ဦးသိန်းအောင်(မြန်မာနိုင်ငံ)၊ ဒုဥက္ကဋ္ဌ ဆူဒီမန်(အင်ဒိုနီးရှား)၊ အတွင်းရေးမှူး အမီကော် (မလေးရှား)၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဇင်ဦး(မြန်မာနိုင်ငံ)၊ နည်းစနစ်အကြံပေး ဝူဒီ(ထိုင်းနိုင်ငံ)တို့အား ရွေးချယ်၍ ရွေးကောက်ပွဲ အား အတည်ပြုပြီး ၂၀၁၄-၂၀၁၅ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ဇော်မင်းအောင်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊(၃၅)လမ်း၊ အမှတ်(၁၈၂/၁၈၄)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၃E²၊ မြေကွက်အမှတ် Southern ½ of III 36နှင့် Northern ½ of III 36၊ မြေအမျိုးအစားမြေပိုင်မြေ၊ အမည်ပေါက် Sheikh Mohamed Iqbal Wally မြေအား ရန်ကုန်တိုင်းတရားရုံး ၁၉၈၅ ခုနှစ် တရားမကြီး မှုအမှတ်-၃၃၀၊ (ကျောက်တံတား) အမှုအရ မစ္စတာဝဆီးအာမက်တစ်ဦးတည်းပိုင်ဆိုင် ကြောင်းမြွက်ဟဒီကရီနှစ်ဖက်ကျေအေးညှိနှိုင်း သဘောတူစာချုပ်-၆၈၈၁/၂၀၁၂ နှင့် ရန်ကုန် အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၂၆၂/၂၀၁၁၏ ၉-၃-၂၀၁၂ ရက်စွဲပါ အမွေဆက်ခံခွဲဝေခံစားခွင့်ရှိကြောင်း ကျေအေးဒီကရီတို့ကိုတင်ပြ၍ ၁။ဦးတင်မောင်ထွေး[၁၂/တမန(နိုင်)၀၇၆၅၆၇]၊ ၂။ဒေါ်မြင့်မြင့်ဆွေ[၁၂/မဂတ(နိုင်)၀၅၆၈၇၅]၊ ၃။ ဦးတင်မောင်လတ်[၁၂/တမန(နိုင်)၀၇၆၅၆၆]၊ ၄။ဒေါ်ခင်မာရီ[၁၂/လမန(နိုင်)၁၀၂၆၇၁]၊ ၅။ဒေါ်သီတာခင်လတ်[၁၂/မဂတ(နိုင်)၀၆၇၁၈၆]တို့မှ အမည်ပြောင်း လျှောက်ထားလာပါသဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် ဒီဇင်ဘာ ၂၀

ယနေ့ နံနက် ၉ နာရီ ၃၄ မိနစ် ၃၄ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၇၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region) ကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ သုည အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဒီဇင်ဘာ ၂၀

ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ် ၀၈ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ မြောက်-အရှေ့မြောက်ဘက် ၈ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ခ်) တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သွေးသည် အသက်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၀

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ရန်ကုန်တပ်နယ်၊ မင်္ဂလာဒုံတပ်နယ်၊ မှော်ဘီတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။**(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၄၅၆၃) ဗိုလ်လောင်းဟိန်းထက်စံ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၄၅၁၆) ဗိုလ်လောင်းသက်နိုင်ဝင်း၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၄၅၈၇) ဗိုလ်လောင်းအောင်ကျော်သူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် နိုင်ငံသားကောင်းများ အများအပြားရှိနေရန် အဓိကလိုအပ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမှတစ်ဆင့် နိုင်ငံတော်အတွက် ထိရောက်သော အထောက်အကူဖြစ်စေရန် စေတနာထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရာတွင်လည်း လက်ငင်းဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဟူ၍ နှစ်မျိုးခွဲခြားလုပ်ကိုင်သွားကြရန် လိုကြောင်း၊ လက်ငင်းဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ရောဂါကုသခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများဖြစ်ပြီး ရေရှည်အနေဖြင့် ပညာပေးခြင်း၊ ဆွေးနွေးခြင်းလုပ်ငန်းများနှင့် တပ်မတော်သားမိသားစုအားလုံး လိုက်ပါလုပ်ဆောင်လာအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်သာမက တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်ကြရာတွင်လည်း ခက်ခဲကြမ်းတမ်းသည့် အခြေအနေမျိုးစုံမှာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ကျန်းမာကြံ့ခိုင်နေရန် အထူးပင်လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ရန် အာဟာရပြည့်ပြည့်ဝဝနှင့် မျှမျှတတ စားသုံးရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးမှုနှင့် နေထိုင်မှုပုံစံများဖြစ်ရန်လည်း လိုကြောင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးရန်အတွက် ကယ်လိုရီများသည့် ဆန်အပြင် ပရိုတိန်းဓာတ်ကိုပါ ရရှိစေသည့် ဂျုံကိုလည်း ဖြည့်စွက်စားသုံးသွားရန် လိုသကဲ့သို့ ကြက်ဉ၊ နွားနို့၊ ငါးစသည့် ခန္ဓာကိုယ်ဖွံ့ဖြိုးတိုးတက်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ ကျန်းမာရေးအတွက် အထောက်အကူပြုစေသည့် အစားအသောက်တွေနှင့် သန့်ရှင်းလတ်ဆတ်သည့် အသီးအရွက်တွေကိုပါ စားသောက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုလို စားသောက်ကုန်များပေါ်များစေရန်အတွက် တပ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးများကို တတ်နိုင်သမျှ ဖြစ်ထွန်းအောင်မြင်အောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိရောက်ရှိတာဝန်ထမ်းဆောင်ရာ ဒေသများ၌ရှိသည့် ပြည်သူတွေကိုပါ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးမှုနှင့် နေထိုင်မှုပုံစံများဖြစ်ရန် ကျန်းမာရေးအသိပညာပေးခြင်းများ တတ်နိုင်သမျှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ပေးရန်ဆိုရာတွင် ရဲဘော်တို့အပါအဝင် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ယခုလို တာဝန်ထမ်းဆောင်ရာမှာ တပ်မတော်သားများသာမက တပ်မတော်သားမိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို အလေးထားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတစ်ဝန်းတွင်ရှိသည့် ပြည်သူပြည်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ စွမ်းဆောင်နိုင်သမျှ ပါဝင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည့် အရက်၊ ဆေးလိပ်၊ ကွမ်းစသည်များကို ကိုယ်တိုင်လည်း ရှောင်ကြဉ်ကြပြီး တပ်မတော်သားအားလုံးကိုလည်း ရှောင်ကြဉ်ကြရန် ကျန်းမာရေးရှုထောင့်မှ ပညာပေးစည်းရုံးသွားကြရမည်ဖြစ်ကြောင်း၊ ရောဂါဝေဒနာများ ဖြစ်ပွားလာ၍ ကုသမှုခံယူလာချိန်တွင်လည်း လူနာများကို စေတနာအပြည့်အဝဖြင့် ကုသမှုပေးရမည်ဖြစ်သကဲ့သို့ လူနာများ ဆေးဝါးမှန်မှန် သောက်သုံးစေရေး၊ လိုက်နာကျင့်ကြံရမည့် အချက်များ၊ ဆောင်ရန်ရှောင်ရန်အချက်များ လိုက်နာစေရေးကိုလည်း စေတနာနှင့် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်လုံခြုံရေးဆောင်ရွက်ရာတွင် သမားရိုးကျ လုံခြုံရေးများကိုသာမက သမားရိုးကျမဟုတ်သည့် လုံခြုံရေးများကိုပါ ဆောင်ရွက်ရန် လိုလာပြီဖြစ်ကြောင်း၊ သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုရာတွင် လူသားလုံခြုံရေး(Human Security)ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည့်အတွက် စီးပွားရေးလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ ကျန်းမာရေးလုံလောက်အောင် စောင့်ရှောက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှု၊ လူတစ်ဦးချင်းလုံခြုံမှု၊ လူမှုအဖွဲ့အစည်းလုံခြုံမှုနှင့် နိုင်ငံရေးလုံခြုံမှု စသည့် လုံခြုံမှုအကြောင်းခြင်းရာများနှင့် ပြည့်စုံရန် လိုအပ်လာပြီဖြစ်ကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် အစားအသောက်ဖူလုံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အရင်ဆုံးဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့်ရော၊ နိုင်ငံအနေဖြင့်ပါ လေ့လာကြည့်လျှင် လူဦးရေနှင့် အစားအစာထွက်ရှိမှု ပမာဏတွင် လုံလောက်သော်လည်း ကျန်းမာရေးအတွက် စိတ်ချလုံခြုံစွာစားသုံးနိုင်ရန် အကာအကွယ်ပေးနိုင်မှုအပိုင်းတွင်တော့ လိုအပ်ချက် ရှိနေသေးသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အစားအသောက်များ လုံခြုံစိတ်ချရန်အတွက်ဆိုလျှင် ပိုးသတ်ဆေးနှင့် ဓာတုဗေဒဆေးဝါးများကို မလိုအပ်ဘဲ သုံးစွဲစိုက်ပျိုးခြင်း၊ တာရှည်အထားခံအောင် ဓာတုဗေဒဆေးဝါးများအသုံးပြုခြင်း စသည်များကို ရှောင်ကြဉ်ပြီး သဘာဝအတိုင်း စိုက်ပျိုးထုတ်လုပ်သွားကြရန်လိုကြောင်း၊ သဘာဝအတိုင်း အစားအသောက်များ လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ရာသီဥတုဖောက်ပြန်မှုမရှိအောင် သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုလျော့နည်းစေမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အတတ်နိုင်ဆုံး လုပ်ဆောင်သွားကြရန် ပညာပေးစည်းရုံးသွားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးလုံခြုံမှုဆိုရာတွင် အခြေခံအားဖြင့် ရောဂါဘယများကို ကာကွယ်ပေးနိုင်ခြင်းနှင့်ကျန်းမာသော နေထိုင်မှုပုံစံဖြစ်အောင် တည်ဆောက်ပေးကြရန်လိုကြောင်း၊ ကျန်းမာသောနေထိုင်မှုပုံစံဖြစ်အောင် တာဝန်ကျရာဒေသအသီးသီးတွင် ပညာပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်တာဝန်များ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားနှင့် ပြည်သူများ၏ လူမှုဘဝတိုးတက်လာမည်ဖြစ်သည့်အတွက် တပ်မတော်က ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများသည် စေတနာရှင်များ၏ ကူညီမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်၍ တာဝန်ကျသည့်တပ်များကို ရောက်ရှိသည့်အခါတွင် အထူးအလေးထားဆောင်ရွက်ပေးရန်လိုကြောင်း။

ယနေ့ခေတ်တွင် သိပ္ပံနှင့်နည်းပညာတိုးတက်မှုနှင့်အတူ တိုးတက်လာသည့် ဆေးသိပ္ပံပညာရပ်နယ်ပယ်တွင် ရောဂါရှာဖွေရေးစက်များ၊ ကုသရေးစက်များ၊ ဆေးဝါးသစ်များ၊ ကုထုံးသစ်များကို ခေတ်အချိန်အခါနှင့်အညီ သိရှိကိုင်တွယ်အသုံးပြုတတ်ရန် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း၊ ဆေးတပ်မခွဲ တစ်ခုလုံးအနေဖြင့် ခေတ်မီဆေးဝါးကုသမှုဆိုင်ရာ သုတေသနပြုမှုများကိုလည်း စိတ်ဝင်တစားဖြင့် အမြဲမပြတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

တပ်မတော်ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ တပ်မတော်အက်ဥပဒေများ၊ နယ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများကို သိရှိကြရမည်ဖြစ်သကဲ့သို့ အလေးထားလိုက်နာကြရန်လည်း လိုအပ်ကြောင်း၊ ၎င်းဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် အခြေခံအားဖြင့် စစ်သည်တော် ကျင့်ဝတ်အပါး ၆၀ ကိုစွဲစွဲမြဲမြဲ လိုက်နာရန်လိုကြောင်း၊ စစ်သည်တော်ကျင့်ဝတ်ကို ကောင်းစွာစောင့်ထိန်းလိုက်နာနိုင်လျှင် ကျန်သည့်စစ်ဘက်၊ နယ်ဘက်ဥပဒေ စည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာပြီးသားဖြစ်၍ စစ်သည်တော်ကျင့်ဝတ် ၆၀ ကိုစွဲမြဲစွာလိုက်နာကြရန် အလေးအနက်မှာကြားလိုကြောင်း၊ ထို့အပြင် တပ်မတော်အရာရှိများသာမက ဆရာဝန်များပါဖြစ်သည့် ရဲဘော်တို့သည် ကျန်းမာရေးဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်များ၊ ဆရာဝန်များလိုက်နာရမည့်ကျင့်ဝတ်များ၊ ကတိသစ္စာများကို သေချာစွာမှတ်သားလိုက်နာ၍ ဆရာဝန်ကောင်းများဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်ခြင်းဖြင့် မိမိတို့၏ ကုသမှုများသည်လည်း အစွမ်းထက်ပြီး ထိရောက်လာမည်ဖြစ်၍ အလေးထားလိုက်နာလုပ်ဆောင်သွားကြရန်လိုကြောင်း။

တပ်မတော်တွင် စစ်ဘက်ဆရာဝန်အရာရှိများအဖြစ် တာဝန်ထမ်းဆောင်ကြရမည့် ရဲဘော်တို့သည် တပ်မတော်၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ လုပ်ငန်းများကိုလည်းသိရှိနေရန် လိုအပ်ကြောင်း၊ စစ်ဦးစီး၊စစ်ရေး၊ စစ်ထောက်လုပ်ငန်းသုံးခု မှန်မှန်ကန်ကန် လည်ပတ်နေမှ တပ်များ၏ အုပ်ချုပ်မှုလုပ်ငန်းများသည် ချောမွေ့ပြေပြစ်နေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးလုပ်ငန်းများ ကောင်းမွန်ပြည့်စုံပြီး အုပ်ချုပ်မှုစွမ်းရည် မြင့်မားနေမှလည်း သက်သာချောင်ချိမှုအပိုင်းများ၊ စိတ်ဓာတ်စည်းကမ်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သို့မှသာ စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များကိုပါ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီး စွမ်းရည်သုံးရပ်လုံး မြင့်မားလာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီ၏ စွမ်းရည်သုံးရပ်ပြည့်ဝမှု၊ တပ်ရင်း၊ တပ်ဖွဲ့များ၏ စွမ်းရည်သုံးရပ် ပြည့်စုံမှုများမှတစ်ဆင့် တပ်မတော်တစ်ရပ်လုံး စွမ်းရည်သုံးရပ်ပြည့်ဝထက်မြက်နေမှ နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်သည်လည်း မြင့်မားနေမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာခဲ့ပြီး နိုင်ငံတော်၏ အန္တရာယ်ရန်စွယ်မှန်သမျှကို ပြည်သူလူထုနှင့်အတူ လက်တွဲတိုက်ဖျက်ချေမှုန်းခဲ့သည့် အစဉ်အလာကောင်းများနှင့် ပြည့်စုံနေသည့် တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ကဏ္ဍပေါင်းစုံမှ ပါဝင်ဆောင်ရွက်ခဲ့သည့် အစဉ်အလာသာဓကများစွာရှိကြောင်း၊ ယနေ့ဒီမိုကရေစီနိုင်ငံတော်သစ်ဖော်ဆောင်မှုကိုလည်း တပ်မတော်က အလေးထားဆောင်ရွက်ပေးခဲ့သလို တိုင်းရင်းသားပြည်သူလူထုများ၏ ကျန်းမာရေးလုပ်ငန်းများတွင်လည်း အလေးထားကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလို အစဉ်အလာကောင်းများနှင့် ပြည့်စုံနေသည့် တပ်မတော်၏ အစဉ်အလာများကို ဆက်လက်တောက်ပြောင်နေရန် တပ်မတော်အား(၁၀)ပါးနှင့် ပြည့်စုံနေရန်လည်း ဖြည့်ဆည်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်တစ်ရပ်ဖြစ်ပြီး လွတ်လပ်ရေးရပြီးချိန်မှစခဲ့သည့် လက်နက်ကိုင်ဆူပူမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မရှိမဖြစ်အရေးကြီးသည့် လုပ်ငန်းများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နိုင်ငံတော်နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားများအပေါ် ထားရှိသည့် နိုင်ငံတော်နှင့်တပ်မတော်၏ စိတ်ရင်းစေတနာမှန်များကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မည်ဟုလည်း ယုံကြည်ကြောင်း၊တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဖော်ဆောင်နိုင်သည်နှင့်အမျှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ကျရာဒေသများတွင် တိုင်းရင်းသားများအပေါ် သွေးချင်းညီနောင်များစိတ်ဓာတ်နှင့် သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်သည့် ကိစ္စရပ်များတွင် အလေးထားပါဝင်လုပ်ဆောင်သွားကြခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်တည်းဖော်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်း၊ စစ်သည်မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ယူအားထားရသည့် ကျွမ်းကျင်ဆေးပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်၊ စစ်သည်တော်ကျင့်ဝတ်နှင့် ဆရာဝန်ကျင့်ဝတ်များကို လေးစားလိုက်နာစောင့်ထိန်းသွားကြရန်၊ ခေတ်မီဆေးပညာရပ်များကို မျက်ခြည်မပြတ် လေ့လာသင်ယူခြင်းနှင့် သုတေသနပြုခြင်းများကို ဆောင်ရွက်သွားကြရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားပြည်သူအပေါင်း၏ ကျန်းမာရေး၊ လူမှုဘဝမြင့်မားရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ်ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅)မှ ထူးချွန်ဆုရရှိ ကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် စုပေါင်းသုတေသနဓာတ်ခွဲခန်း(Common Research Laboratory) သို့သွားရောက်၍ သုတေသနစာတမ်းပိုစတာများနှင့် ဘွဲ့လွန်သုတေသနစုပေါင်းဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Samdech Akka Moha Ponhea Chakrei Heng Samrin ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒီဇင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခွဲတွင် ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်း၊ မီဒီယာနှင့် နိုင်ငံခြားရေးရာကော်မရှင်ဥက္ကဋ္ဌ H.E. Mr. Chheang Vun နှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်မှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(သတင်းစဉ်)

ဖွံ့ဖြိုးရေးအကူအညီများ အကျိုးရှိအောင် အသုံးပြုနိုင်ရေး အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

LIFT-Fund (Livelihoods and Food Security Trust Fund) အဖွဲ့နှင့် UNOPS(United Nations Office For Project Service) အဖွဲ့တို့၏ အထောက်အပံ့ အကူအညီများ အထိရောက်ဆုံး အကျိုးရှိစွာ အသုံးပြုနိုင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်၊ လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ LIFT -Fund အဖွဲ့မှ Fund Director Mr.Andrew Kirk -Wood နှင့် UNOPS အဖွဲ့မှ Representative and Fund Director Manager Mr.Sanjay Murthar တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး မူဝါဒ (၅)ချက်နှင့်ကိုက်ညီစွာ အကူအညီအထောက်အပံ့များကို ထိရောက်စွာသုံးစွဲရန်နှင့် အသုံးပြုငွေများသည် လုပ်ကွက်ငယ်အခြေခံတောင်သူများကို အထိရောက်ဆုံး အသုံးပြုရန်၊ အသုံးပြုသောလုပ်ငန်းရပ်များသည် ထင်သာမြင်သာရှိရေး၊ လက်တွေ့အကျိုးသက်ရောက်မှုရှိရေးတို့ကို ဆွေးနွေးကြသည်။ ဒုတိယဝန်ကြီးများ၊ Focal Ministry များနှင့် LIFT-Fund အဖွဲ့၊ UNOPS အဖွဲ့တို့ နီးနီးကပ်ကပ်ဆွေးနွေးပြီး ပြုပြင်ရန်၊ ဖြည့်စွက်ရန် လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ပြီး MoU ကို အတည်ပြု သတ်မှတ်လက်မှတ်ရေးထိုးကြရန် နှစ်ဖက်အပြန်အလှန်သဘောတူဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ LIFT-Fund အဖွဲ့နှင့် UNOPS အဖွဲ့မှ ကိုယ်စားလှယ်များသည် နေပြည်တော် ကောင်စီနယ်မြေအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော ဥတ္တရသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း စက်စက်ယိုဆည်ရေသောက် ဧက (၉၀၀) စိုက်ကွင်း၊ ပုဗ္ဗသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် ဧက (၅၀၀) စိုက်ကွင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ဧက (၄၄၀) စိုက်ကွင်း၊ ချိုင်းကျေးရွာစိုက်ကွင်း၊ ဒက္ခိဏသီရိ မြို့နယ် စံပြစက်မှုလယ်ယာ တစ်ဆက်တစ်စပ်တည်း ဧက (၃၀၀၀) စိုက်ကွင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)

အသိပေးကြေညာချက်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပပြုလုပ်မည့် ၂၂-၁၂-၂၀၁၃ ရက်နေ့ မွန်းတည့် ၁၂း၀၀ အချိန်မှ အခမ်းအနားပြီးဆုံးချိန်အထိ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဧရိယာသို့ ဝင်ရောက်နိုင်သည့် အောက်ပါနေရာ/ လမ်းဆုံ(၈)ခုတွင် ခေတ္တလမ်းပိတ်ထားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ပျဉ်းမနား-တောင်ညိုလမ်းနှင့် ဉာဏအောင်မြေလမ်းဆုံ(စိုးစံလမ်းထိပ်)
(၂) မြရည်နန္ဒာလမ်းနှင့် မဏိစန္ဒာလမ်းဆုံ (ဆွာလမ်းဆုံအနီး)
(၃) ဇေယျာအောင်မြေလမ်းနှင့်မဏိစန္ဒာလမ်းဆုံ(အထက-၁၁ ထိပ်)
(၄) မဏိစန္ဒာလမ်းနှင့်ဂိတ်(၅)ထိပ်လမ်းဆုံ(ဂိတ် ၅ ထိပ်)
(၅) ဇေယျာအောင်မြေလမ်းနှင့်မဏိစန္ဒာလမ်းဆုံ(အားကစားရွာထိပ်)
(၆) ပျဉ်းမနား-တောင်ညိုလမ်းနှင့် V4 လမ်းဆုံ(နေပြည်တော်မြို့ပတ်လမ်းဆုံ)
(၇) ဇေယျာအောင်မြေလမ်းနှင့် နန်ချွန်ကျေးရွာဘုန်းကြီးကျောင်းလမ်းဆုံ
(၈) မဟာဇေယျာလမ်းနှင့် ဇေယျဗလလမ်းဆုံ (ခရေအိမ်ရာထိပ်) တို့ဖြစ်ပါသည်။ **ယာဉ်ထိန်းရဲတပ်ဖွဲ့**

မြို့တွင်း တစ်နာရီ မိုင် ၃၀ ထက် ပိုမမောင်းရ

တက္ကသိုလ်ပညာရေးနှင့် ဝေဖန်သုံးသပ်မြော်မြင်နိုင်မှု

ဒေါက်တာမောင်သင်း
(မိတ္ထီလာတက္ကသိုလ်)

"ပညာခေတ်ဟူသော(၂၁)ရာစုမှာ ဝေဖန်သုံးသပ်မြော်မြင်နိုင်မှုမပါတဲ့ သင်ကြားရေးအစီအစဉ်ဖြင့် ပညာရေးကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေခြင်းဟာ စနစ်ကျစွာ စီစဉ်ထားမှုမရှိဘဲ ဆောက်ချင်သလိုဆောက်ထားတဲ့ (a house without a blueprint)အိမ်တစ်လုံးပါပဲ"ဟု ပြောခဲ့သူက အဲရစ်ဆင် (Erickson)ပါ၊ ဝေဖန်သုံးသပ်တွေးခေါ်မြော်မြင်မှုအခြေပြုသင်ရိုးညွှန်းတမ်းတွေပြုစုသူပါ။ သူဆိုလိုတာက "ဝေဖန်သုံးသပ်မြော်မြင်မှုထွန်းကားအောင် သင်ပေးနိုင်စွမ်းမရှိတဲ့ ပညာရေးရဲ့ရလဒ်ဟာ ပရမ်းပတာဖြစ်မှုပဲ ပေါ်ထွန်းမှာပါ"တဲ့။ နောက်ဆုံးရလဒ်ကတော့ အရည်အသွေးညံ့သူတွေ မွေးထုတ်ခြင်းပါ။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ၁၉၆၀ ခုနှစ်များက အာကာသသိပ္ပံနှင့် နည်းပညာတိုးတက်ရေးကို ပညာရေး အလေးပေးလေ့ကျင့်စေခဲ့ပါသည်။ ၁၉၇၀ ခုနှစ်များမှာ စီးပွားရေး၊ လူမှုရေးနဲ့ စာရိတ္တမြင့်မားရေးကို ဦးစားပေးသလို ၁၉၈၀ ခုနှစ်တွင် အခြေခံ အရေး၊ အဖတ်၊ အတွက် ကျွမ်းကျင်ရေး အာရုံစိုက်လေ့ကျင့်ပေးခဲ့ပါသည်။ ထိုကာလ (၁၉၆၀ မှ ၁၉၉၀) ကျင့်သုံးခဲ့သော ပညာရေးသည် သမားရိုးကျ အကြောင်းအချက်အလက် သိရုံသက်သက် သင်ကြားခြင်း(Factual teaching)နည်းကိုသာ သုံးခဲ့ပါသည်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းမှာတော့ နိုင်ငံတကာပညာရေးဟာ အချက်အလက်၊ အကြောင်းအရာသက်သက်ကိုပေးသည့်ပညာရေးမှ ဝေဖန်သုံးသပ်မြော်မြင်မှုကို ရင့်သန်စေသော ပညာရေးဆီကို (Critical thinking) ပြောင်းလဲလျှောက်လှမ်းနေကြပါသည်။ ထိုပညာရေးမျိုးကသာ လူသား၏ ဝေဖန်သုံးသပ်မြော်မြင်နိုင်မှုစွမ်းရည်ကို ဆွဲထုတ်နိုင်အား ပိုကောင်းပြီး လူ့အရည်အသွေးကိုမြင့်မားစေအောင် စွမ်းဆောင်နိုင်လို့ပါ။

တက္ကသိုလ်ဟာ ပညာရပ်အသစ်အဆန်းကို တိုးတက်မြင့်မားအောင် ရှာဖွေသလို တစ်ဖက်မှာလည်း လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အဆင့်မြင့်ပညာကျွမ်းကျင်သူ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနေပါသည်။ တက္ကသိုလ်အနေဖြင့် မျိုးဆက်သစ်များကို ပညာရပ်တစ်ခုခုအား နားလည်ရုံသက်သက် သင်ကြားပေးရုံဖြင့် ထူးချွန်ထက်မြက်သူပညာရှင်များ မွေးထုတ်ပေးခြင်းမဟုတ်ပါ။ သင်ကြားပေးသမျှ ပညာရပ်များကို အခြေခံ၍ ဆက်စပ်၊ တွေးတော၊ တီထွင်ကြံဆနိုင်စွမ်း မြင့်မားလာရပါမည်။ အဲဒီတီထွင်ကြံဆမှုတွေကို လူ့ဘောင်ငြိမ်းချမ်းသာယာရေးအတွက် အသုံးချနိုင်စွမ်းရှိသည့် ပညာရှင်အဆင့်ရောက်အောင် လေ့ကျင့်ပေးရပါလိမ့်မည်။ ဝေဖန်သုံးသပ်မြော်မြင်နိုင်မှုရင့်သန်ပြီး တီထွင်နိုင်စွမ်းမြင့်မားသည့် ပညာရှင်စွမ်းအားစုများကို မွေးထုတ်ပေးနိုင်မှသာ အဲဒီတက္ကသိုလ်ကို ပေမီ၊ ဒေါက်မီ တက္ကသိုလ်တစ်ခုလို့ ခေါ်ဆိုနိုင်တာပါ။

တွေးခေါ်သုံးသပ်ဝေဖန်ပိုင်းခြားမြော်မြင်နိုင်မှု၏သဘောသည် သိသမျှ အချက်အလက်များစွာကို အခြေခံ၍ စိတ်ကူး၊ စိတ်သန်း၊ အကြံဉာဏ်တစ်ခု ပေါ်ထွန်းလာအောင် ကောက်ချက်ဆွဲနိုင်ခြင်းပင် ဖြစ်သည်။ တွေးခေါ်မြော်မြင်မှုကို အခြေပြုသည့် သင်ကြားသင်ယူမှုသည် အချက်အလက်များကို သိရုံသက်သက် သင်ပေးမှုမျိုးမဟုတ်ပေ။ ယခုသင်ယူနေသော အချက်အလက် အကြောင်းအရာနှင့် ယခင်က သိခဲ့ပြီးအကြောင်းအရာတို့ကို ပေါင်းစပ်နိုင်စွမ်း ရှိရပါမည်။ ထိုသို့ ဆက်စပ်ပေးခြင်းဖြင့် အသစ်သစ်သော ဗဟုသုတတို့ကို ထပ်မံသိလာခြင်းမျိုးကို ရည်ညွှန်းပါသည်။ တွေးခေါ်သုံးသပ်မှုရင့်သန်စေသော သင်ကြား၊ သင်ယူခြင်းနည်းကို ကျင့်သုံးခြင်းဖြင့် ပညာရပ်ကိုနက်နက်နဲနဲ သဘောပေါက်လာခြင်း၊ သင်ယူခဲ့သမျှပညာရပ်ကို ဘဝတစ်လျှောက်လုံး မှတ်မိနေခြင်းနှင့် အသုံးချနိုင်မှုစွမ်းရည်ကိုပါ တိုးတက်စေခြင်းတည်းဟူသော အကျိုးကို ဖြစ်ထွန်းစေပါသည်။

"ဂျပန်ပညာရေးမှာ လိုနေတာက အမြော်အမြင်နဲ့တီထွင်ဖန်တီးမှုရှိတဲ့ ဦးဆောင်မှုပဲ၊ ဘွဲ့ကြိုကျောင်းသားတွေမှာ ကျယ်ပြန့်တဲ့အမြင် ပျောက်ဆုံးနေတယ်၊ အဲဒီတွေးခေါ်သုံးသပ်မှုအမြင်မရှိဘဲနဲ့ တီထွင်ဖန်တီးနိုင်စွမ်းလည်း မရှိနိုင်ဘူး"ဟု ဂျပန်နိုင်ငံ ဆူကူဘား(Tsukuba) တက္ကသိုလ်အဓိပတိ အီဆာကီ (Leo Esaki)က ညည်းတွားခဲ့ပါသည်။ အီဆာကီဟာ ရူပဗေဒနိုဘယ်လ်ဆုကို ၁၉၇၃ ခုနှစ်ကတည်းက ရရှိထားသူဖြစ်ပါသည်။ သူညည်းတွားသည့်အချိန်က နိုင်ငံတကာပညာရေးပြုပြင်ပြောင်းလဲရေးဟာ ဝေဖန်သုံးသပ်မြော်မြင်မှုကို ဆောင်ရွက်နေသည့် ၁၉၉၆ ခုနှစ်က ဖြစ်ပါသည်။

ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ " နိုင်ငံတော်အခြေခံမူ" ၏ ပုဒ်မ ၂၈(ဃ) " ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်" လို့ပါရှိပါသည်။ ကျွန်တော်တို့ရဲ့ အမျိုးသားပညာရေး မျှော်မှန်းချက်များသည် ယနေ့ ကမ္ဘာ့ပညာရေးလမ်းကြောင်းက ချီတက်နေသော "ဝေဖန်သုံးသပ်မြော်မြင်မှုကို ရင့်သန်စေသောပညာရေး"လမ်းကြောင်းနှင့် တစ်ထပ်တည်းကျနေပါသည်။ သို့ပါ၍ မြန်မာ့တက္ကသိုလ်များသည် အမျိုးသားရေးရည်မှန်းချက်အရလည်းကောင်း၊ ကမ္ဘာ့ပညာရေး လမ်းကြောင်းအရလည်းကောင်း တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေမည့် သင်ကြားသင်ယူမှု (Conceptual teaching/Learning) နည်းစနစ်ဖြင့် မဖြစ်မနေသင်ကြားလေ့ကျင့်ပေးရမည့် အချိန်အခါပါ။

ထိုသို့ သင်ကြားရာတွင် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများသည် အချက်အလက်(data,facts) သက်သက်ကိုသာ ပေးနိုင်စွမ်းရှိသည့် သင်ရိုးညွှန်းတမ်းအဖြစ် ရပ်တည်၍မရတော့ပါ။ အချက်အလက်ကိုအခြေခံ၍ တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေသည့် သင်ရိုးညွှန်းတမ်းမျိုးဖြစ်ရပါမည်။ ထို့အတူ ဆရာကသင်ပေးသမျှ ရှင်းပြသမျှကို နားထောင်စေမည့်အစား ကျောင်းသား ကျောင်းသူကိုယ်တိုင် ပါဝင်ဆွေးနွေးမှုအများဆုံးပါဝင်ရပါမည်။ ဆွေးနွေးချိန်တွင် ဆရာ ဆရာမများက လမ်းညွှန်(guideline)ပေးရမည်။ သင်ပေးသမျှ အချက်အလက်များကို ယခင်သင်ယူခဲ့သော အကြောင်းအရာနှင့် ဆက်စပ်ပေး၍ ကောက်ချက်ဆွဲနိုင်သည်အထိ စီစဉ်ထားသော သင်ရိုးညွှန်းတမ်းဖြစ်ရမည်။

ဝေဖန်သုံးသပ်မြော်မြင်နိုင်မှုရှိစေရန် လေ့ကျင့်သင်ကြားရာတွင် ကျောင်းသားဗဟိုပြုသင်ကြားနည်း(student centred approach)သည် အသင့်တော်ဆုံးဖြစ်သည်။ ထိုနည်းသည် သင်ခန်းစာတစ်ခုလုံးအား ကျောင်းသားကို ဖတ်ခိုင်း၊ လေ့ကျင့်ခိုင်းခြင်းမဟုတ်ကြောင်း အရင်ဆုံး သတိချပ်စေချင်ပါသည်။ ဆရာက သင်ကြားမည့် အကြောင်းအရာရဲ့သဘောကိုရှင်းပြပြီး အချက်အလက်စုဆောင်းနည်း၊ ဝေဖန်သုံးသပ်နည်း၊ ကောက်ချက်ချနည်းတို့ကို လမ်းညွှန်သင်ကြားပေး(Instruction)သော နည်းဖြစ်ပါသည်။ ဆရာက ရှင်းပြခြင်းနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်ဆွေးနွေးချက်အပေါ် ဆရာက တည့်မတ်ပေးခြင်း၊ ဖြေရှင်းပေးခြင်းနှင့် ဝေဖန်ပိုင်းခြားတတ်၊ တွေးတတ်၊ မြင်တတ်အောင် လမ်းညွှန်ပေးခြင်းတို့ ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့်ကျောင်းသား ကျောင်းသူများ ပညာရပ်အပေါ် ပါဝင်ဆွေးနွေးသဖြင့် တက်ကြွစွာသင်ကြားသင်ယူသော ပတ်ဝန်းကျင်ကောင်းတစ်ခု (Active learning society) ကို ဖြစ်ပေါ်စေသည်။

ကျွန်တော်တို့ဆီမှာ ယနေ့တိုင်သင်ကြားနေသော သင်နည်းတစ်ခုမှာ ဆရာ ဆရာမက အကုန်ရှင်းပြသော စနစ် (teacher centred approach) ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမရှင်းပြသည်ကို နားထောင်၊ Text ထဲမှ မှတ်စုထုတ်ပေးလျှင် လိုက်မှတ်၊ လိုက်ရေးရုံဖြစ်သည်။ ကမ္ဘာ့တက္ကသိုလ်များတွင် မကျင့်သုံးတော့ပါ။ ကျောင်းသား၏ ဖြတ်ထိုးဉာဏ် ရင့်သန်အောင် လေ့ကျင့်ပေးမှုဖြစ်သည့် အပြန်အလှန်ဆွေးနွေးမှုမပါဝင်ပေ။ ဤသို့သင်ကြားမှုရဲ့ ရလဒ်ဟာကျောင်းသားသည် ကိုယ့်အားကိုယ်ကိုးစိတ်ပျောက်ကာ "အစာခွံ့ကျွေး" (Spoon-feeding) ခံဘဝ ရောက်လာပါသည်။ နောက်ဆုံးမှာတော့ ကိုယ်စွမ်းကိုယ်စပျောက်ကာ သူများအပေါ်မှီခိုအားထားသူ ဖြစ်လာပါသည်။

သင်ယူသူကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်ကိုဖွင့်ပေးနိုင်စွမ်းရှိပြီး ဖွင့်ထားတဲ့ အယူအဆနှင့်ပွင့်သွားအောင် သင်ကြား/သင်ယူမှုတွေနှင့် ပြည့်စုံမှသာ ဉာဏ်မျက်စိကို ဖွင့်ပေးတဲ့ တက္ကသိုလ်ဖြစ်ပါသည်။ အတွေးအခေါ် ရှင်သန်ပွင့်လန်းနေတဲ့ တက္ကသိုလ်များကသာ ကျောင်းသား ကျောင်းသူတွေကို တွေးတတ်၊ ခေါ်တတ်၊ ဝေဖန်ပိုင်းခြားသုံးသပ်တတ်အောင် သင်ကြားလေ့ကျင့်ပေးနိုင်တာပါ။ စာအုပ်ထဲက သင်ခန်းစာနှင့်လောကကြီး၏ အရှိတရားများကို ဆက်စပ်အသုံးချတတ်အောင် လေ့ကျင့်ပေးနိုင်ပါမှ Conceptual teaching\ learning နည်းစနစ်ဖြင့် သွားနေသည့်တက္ကသိုလ်ဖြစ်ပါမည်။ ထိုတက္ကသိုလ်မျိုးက လေ့ကျင့်ပေး၊ သင်ပေးလိုက်သည့် သင်ခန်းစာတွေသည် စာမေးပွဲအောင်ပြီး ဘွဲ့လက်မှတ်ရရုံတွင် အဆုံးသတ်ခြင်းမဟုတ်တော့ပေ။ ဘဝတစ်လျှောက်လုံး အတွက်ဖြစ်သည်ဟု ကျောင်းသား ကျောင်းသူများကိုယ်တိုင်က ခံယူကြပြီး ဆက်လက်သင်ယူလိုစိတ်လည်း တိုးပွားလာပါသည်။ မိမိတတ်ခဲ့သောပညာကို ဘဝအောင်မြင်မှုတွင် သုံးရန် ထို့မှတစ်ဆင့် လူ့ဘောင်လူ့လောက သာယာဖွံ့ဖြိုးရေးအတွက် သယ်ယူသွားနိုင်ကြောင်း သင်ယူသူတို့ကိုယ်တိုင် အလေးအနက်ခံယူသွားရန် သင်ကြားလေ့ကျင့်ပေးပါသည်။

ဝေဖန်ပိုင်းခြားမြော်မြင်မှုရင့်သန်ပြီး တီထွင်နိုင်စွမ်းရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်သည့် တက္ကသိုလ်မျိုးသာလျှင် အရည်အသွေးမြင့်တက္ကသိုလ်ပါ။ ဘွဲ့လက်မှတ်ရရုံ သင်ကြားခြင်းသည် ပညာရေး၏ပန်းတိုင်မဟုတ်သေးပါ။ ပညာရေးကဏ္ဍတွင် တာထွက်အဆင့်မှာသာ ရှိပါသေးသည်။ တာထွက်အဆင့်ကို ပန်းဝင်ပြီဟု အမှတ်မှားနေသမျှ အမှန်ဖြစ်တဲ့ ဖွံ့ဖြိုးမှုပန်းတိုင်နဲ့ အလှမ်းကွာဝေးနေဆဲဘဝမှာသာ ရှိနေမှာပါ။ တက္ကသိုလ်က ထွက်၍ ဘဝနိဂုံးအထိ ပညာဆက်လက်ဆည်းပူးလိုစိတ်ရှိပြီး တက္ကသိုလ်က လေ့ကျင့်ပေးလိုက်သော တွေးတတ်၊ ခေါ်တတ်၊ ဝေဖန်ပိုင်းခြား သုံးသပ်တတ်၊ တီထွင်တတ်မှုကို ဘဝအောင်မြင်ရေးတွင် အသုံးချနိုင်သည့် အဆင့်ရောက်ပါမှ တကယ့်အောင်လံထူနိုင်သူအစစ်ဘဝရောက်မှာပါ။ ကျွန်တော့်ဆောင်းပါးများတွင် စင်ကာပူဝန်ကြီးချုပ်(ငြိမ်း)ဂိုချောက်တောင်က "ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေဟာ တတ်ကြတယ်၊ ကျွမ်းကျင်ကြတယ်၊ ဒါပေမယ့် တီထွင်ကြံဆမှုဉာဏ်ဘက်မှာတော့ အလွန်အားနည်းတယ်"လို့ ဖော်ပြခဲ့ဖူးပါတယ်။

စာမျက်နှာ - ၁၀ သို့ ◆

သင်ကြားပေးသမျှ ပညာရပ်များကို အခြေခံ၍ ဆက်စပ်၊ တွေးတော၊ တီထွင်ကြံဆနိုင်စွမ်း မြင့်မားလာရပါမည်။ အဲဒီတီထွင်ကြံဆမှုတွေကို လူ့ဘောင်ငြိမ်းချမ်းသာယာရေးအတွက် အသုံးချနိုင်စွမ်းရှိသည့် ပညာရှင်အဆင့်ရောက်အောင် လေ့ကျင့်ပေးရပါလိမ့်မည်။ ဝေဖန်သုံးသပ်မြော်မြင်နိုင်မှုရင့်သန်ပြီး တီထွင်နိုင်စွမ်းမြင့်မားသည့် ပညာရှင်စွမ်းအားစုများကို မွေးထုတ်ပေးနိုင်မှသာ အဲဒီတက္ကသိုလ်ကို ပေမီ၊ ဒေါက်မီ တက္ကသိုလ်တစ်ခုလို့ ခေါ်ဆိုနိုင်တာပါ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်ပိုနှင့်ဟော်ကီအားကစားသမားများအား စိတ်ဓာတ်မြှင့်တင်အားပေး

ရန်ကုန် ဒီဇင်ဘာ ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နေပြည်တော်ဇုန်၊ ရန်ကုန်ဇုန်၊ မန္တလေးဇုန်နှင့် ငွေဆောင်(ပုသိမ်)တို့တွင် ကျင်းပလျက်ရှိရာ ရန်ကုန်ဇုန်၌ ကျင်းပလျက်ရှိသော ကမ်ပိုပြိုင်ပွဲ၊ ဟော်ကီပြိုင်ပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ရန်ကုန်ဇုန်၌ ကမ်ပိုအားကစားပွဲစဉ်များကို သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏတွင် ယနေ့နံနက် ၉ နာရီက ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် အမျိုးသား(၅၀)ကီလို၊ (၅၅)ကီလိုနှင့် (၆၀)ကီလိုတန်း “အတိုက်” ပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး ရှစ်ယောက်တွဲ အသင်းလိုက် “အပြ” ပြိုင်ပွဲများနှင့် အခြေခံအမျိုးသား နှစ်ယောက်တွဲ “အပြ” ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

အမျိုးသား (၅၀)ကီလိုတန်း “ အတိုက် ” ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သန်းဝင်းက ပထမ ရွှေတံဆိပ်ဆု၊ တီမောလက်စ်တေနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က ပူးတွဲတတိယ ကြေးတံဆိပ်ဆုရရှိပြီး ဆုများကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ချီးမြှင့်ပေးအပ်သည်။

အမျိုးသား (၆၀)ကီလိုတန်း “အတိုက် ” ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်လင်းဦးက ပထမရွှေတံဆိပ်ဆု၊ လာအိုနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့က ပူးတွဲတတိယကြေးတံဆိပ်ဆု ရရှိကြပြီး ဆုများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက ပေးအပ်သည်။

အမျိုးသမီးရှစ်ယောက်တွဲအသင်းလိုက် “အပြ” ပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ ဗီယက်နမ်နိုင်ငံက ဒုတိယ ငွေတံဆိပ်ဆုနှင့် မြန်မာနိုင်ငံက တတိယ ကြေးတံဆိပ်ဆုများရရှိကြပြီး ဆုများကို အင်ဒိုနီးရှားနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. KUSUMO က ဆုများချီးမြှင့်ခဲ့ပြီး ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တင်တင်ဦး၊ အေးအေးအောင်၊ ယဉ်မြင့်ဦး၊ ညိုမီလှိုင်၊ ဟေလီစိုးလင်းတန်၊ ထက်ထက်ဦး၊ မေသက်ဇော်နှင့် နန်းခမ်းထွန်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား ရှစ်ယောက်တွဲအသင်းလိုက် “အပြ” ပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ပထမရွှေတံဆိပ်ဆု၊ တီမောနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် လာအိုနိုင်ငံက တတိယကြေးတံဆိပ်ဆုများရရှိကြပြီး ဆုများကို ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ် ဥက္ကဋ္ဌ (ဂျပန်) Mr. Aral က ဆုများချီးမြှင့်ခဲ့သည်။

အမျိုးသား(၆၅)ကီလို “အတိုက် ” ပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ လာအိုနိုင်ငံက ဒုတိယ ငွေတံဆိပ်ဆုနှင့် တီမောနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံက တတိယ ကြေးတံဆိပ်ဆုများရရှိကြပြီး ဆုများကို တီမောနိုင်ငံအားကစားဝန်ကြီး Mr. Miguel Marques Gomcalves က ဆုများချီးမြှင့်ခဲ့သည်။

အခြေခံအမျိုးသား နှစ်ယောက်တွဲ “အပြ” ပြိုင်ပွဲတွင် တီမောနိုင်ငံက ပထမ ရွှေတံဆိပ်ဆု၊ အင်ဒိုနီးရှားနိုင်ငံက ဒုတိယငွေတံဆိပ်ဆုနှင့် မြန်မာနိုင်ငံက တတိယကြေးတံဆိပ်ဆုများရရှိကြပြီး ဆုများကို တီမောနိုင်ငံ အားကစားဝန်ကြီး Mr. Miguel Marques Gomcalvesက ဆုများချီးမြှင့်ခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဟော်ကီပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီခွဲက သိမ်ဖြူမြက်ခင်းတုဟော်ကီအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါအမျိုးသမီးပွဲစဉ်တွင် အင်ဒိုနီးရှားနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံကို ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသမီးပွဲစဉ် တတိယနေရာလုပွဲတွင် မြန်မာနိုင်ငံက စင်ကာပူနိုင်ငံကို တစ်ဂိုး-ဂိုးမရှိဖြင့် တတိယကြေးတံဆိပ်ဆုကို ရရှိသွားပြီး အမျိုးသမီးပွဲစဉ် ဗိုလ်လုပွဲတွင် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ ယှဉ်ပြိုင်ကစားကြရာ မလေးရှားနိုင်ငံက ခြောက်ဂိုး-တစ်ဂိုးဖြင့် ပထမရွှေတံဆိပ်ဆုရရှိပြီး ထိုင်းနိုင်ငံက ဒုတိယငွေတံဆိပ်ဆုကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ဇုန်၌ ကျင်းပလျက်ရှိသော ကမ်ပိုပြိုင်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

ကမ်ပိုအားကစားပြိုင်ပွဲ ဆက်လက်ကျင်းပ၊ မြန်မာက ရွှေ နှစ်ခု၊ ကြေး နှစ်ခု ထပ်မံရရှိ

ရန်ကုန် ဒီဇင်ဘာ ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကမ်ပိုအားကစားပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲများသို့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ တီမောလက်စ်တေနှင့် ဗီယက်နမ်နိုင်ငံများမှ ကမ်ပိုအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ကျား ရှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲ၊ မ ရှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲ၊ ကျားနှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲ၊ ကျား (၅၀၊ ၅၅၊ ၆၀၊ ၆၅)ကီလိုတန်း Randori အတိုက်ပြိုင်ပွဲနှင့် မ (၄၈၊ ၅၁၊ ၅၄) ကီလိုတန်း Randori ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြပြီး ပွဲစဉ်များအပြီးတွင် ကျား ၅၀ ကီလိုတန်း Randori အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သန်းဝင်းက ရွှေတံဆိပ်ရရှိပြီး တီမောလက်စ်တေက ငွေ၊ လာအိုနှင့် ကမ္ဘောဒီးယားက ပူးတွဲကြေးရရှိကြသည်။

ကျား (၆၀) ကီလိုတန်း Randori အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်လင်းဦးက ရွှေတံဆိပ်ရရှိပြီး လာအိုက ငွေ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားက ပူးတွဲကြေးရရှိကြသည်။

မ ရှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေ၊ ဗီယက်နမ်က ငွေ၊ မြန်မာက ကြေးရရှိသည်။

ကျား ရှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေ၊ တီမောလက်စ်တေက ငွေနှင့် လာအိုကကြေး၊ ကျား(၆၅)ကီလိုတန်း Randori အတိုက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေ၊ လာအိုက ငွေ၊ ကမ္ဘောဒီးယားနှင့် တီမောလက်စ်တေက ပူးတွဲကြေးရရှိကာ ကျား နှစ်ယောက်တွဲ Embu ပြကွက်ပြိုင်ပွဲတွင် တီမောလက်စ်တေကရွှေ၊ အင်ဒိုနီးရှားကငွေ၊ မြန်မာနိုင်ငံမှ အောင်နိုင်ထွန်းနှင့် ထွန်းလင်းအောင်က ကြေးတံဆိပ် ရရှိသွားကြသည်။

ဆုရရှိကြသူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**(ဝဲပုံ)**၊ ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးတင်ဝင်း၊ အာရှကမ်ပို အားကစားအဖွဲ့ချုပ်၊ အရှေ့တောင်အာရှကမ်ပို အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကမ်ပို အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ကမ်ပိုပြိုင်ပွဲများကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၀

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး**(ဝဲပုံ)** ယနေ့မှစ၍ လူငယ်အရာရှိများဖြစ်လာပြီဖြစ်၍ မိမိ၏ ဘဝတက်လမ်းကို မပျောက်ပျက်အောင် ထိန်းသိမ်းနေထိုင်ရန်၊ လုပ်ငန်းတာဝန်များကို ကြိုးစားဆောင်ရွက်ရန်၊ မိဘများကို ကျေးဇူးဆပ်နိုင်ရန်၊ နိုင်ငံတော်နှင့်ပြည်သူတို့ကို အလုပ်အကျွေးပြုရန် မှာကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင် ခန်းမဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် အငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(မြဝတီ)

ဘီလိယက်ဗိုလ်လုပွဲယှဉ်ပြိုင်၊ မြန်မာငွေနှင့် ကြေးဆွတ်ခူးရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

ဘီလိယက်နှင့် စနူကာပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲတစ်ရပ်ဖြစ်သော အမျိုးသားဘီလိယက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်းရှိ ဘီလိယက် အားကစားရုံ၌ ကျင်းပရာ စင်ကာပူကစားသမား P.Gilchris က မြန်မာ ဘီလိယက်ကစားသမား နေသွေးဦးကို အနိုင်ယူကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

Best of 5 ကစားသော အဆိုပါ ဗိုလ်လုပွဲတွင် မြန်မာကစားသမား နေသွေးဦးနှင့် စင်ကာပူကစားသမား P.Gilchris တို့ လက်ရည်မတိမ်းမယိမ်းဖြင့် ယှဉ်ပြိုင်ကြရာ ပွဲစဉ်လေးပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှင့်တစ်ဖက် နှစ်ပွဲစီ အနိုင်ရရှိထား၍ နောက်ဆုံးငါးပွဲ မြောက်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ စင်ကာပူကစားသမား P.Gilchris က အနိုင်ရရှိကာ ပထမ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး မြန်မာကစားသမား နေသွေးဦးက ဒုတိယငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ **(ဝဲပုံ)**

ဒုတိယငွေတံဆိပ်ဆုရရှိသော မြန်မာကစားသမား နေသွေးဦးနှင့် ထိုင်းနှင့်ပူးတွဲတတိယ ကြေးတံဆိပ် ရရှိသော အောင်ဌေးတို့နှစ်ဦးအား ဂုဏ်ပြုသောအားဖြင့် ရန်ကုန်ကျော်မိုဘိုင်းဖုန်းမှ ဦးကျော်နိုင်ဦးက ငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - ရာမည

မြန်မာအတွက် ရွှေရယူပေးခဲ့သည့် သန်းထိုက်နှင့် လွှမ်းအောင်တို့ အမျိုးသားနှစ်ယောက်တွဲ ဓားအပြယှဉ်ပြိုင်စဉ်။

ဂျူဒိုပြိုင်ပွဲများဆက်လက်ကျင်းပ၊ မြန်မာမှငွေတစ်ခု၊ ကြေးတစ်ခုရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဂျူဒိုပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်တွင် အမျိုးသမီး(-၅၇) ကီလိုတန်း၊ အမျိုးသမီး(-၆၃)ကီလိုတန်း၊ အမျိုးသမီး(-၇၀)ကီလိုတန်း၊ အမျိုးသား(-၇၃)ကီလိုတန်းနှင့်အမျိုးသား(-၈၁) ကီလိုတန်းပြိုင်ပွဲ ပွဲစဉ်များကို ဇေယျာသီရိအားကစားရုံ(C) ၌ ကျင်းပခဲ့သည်။

အမျိုးသမီး(-၅၇) ကီလိုတန်းတွင် တတိယကြေးတံဆိပ်ဆုကို ဗီယက်နမ်မှ HO Thi Nhu Van နှင့် အင်ဒိုနီးရှားမှ PANDINI Ni Kadek Knny တို့က ရရှိပြီး ဒုတိယငွေတံဆိပ်ဆုကို ဖိလစ်ပိုင်မှ MOSQUEDA Jenielou က ရရှိကာ ပထမရွှေတံဆိပ်ကို ထိုင်းမှ PONGCHALIEW Om က ရရှိခဲ့သည်။

အမျိုးသမီး(-၆၃) ကီလိုတန်းတွင် တတိယကြေးတံဆိပ်ဆုကို မလေးရှားမှ NIK AZMAN Nik Norbaizura၊ ထိုင်းမှ SENATHAM Orapin တို့ကပူးတွဲရရှိပြီး ဒုတိယငွေတံဆိပ်ဆုကို ဗီယက်နမ်မှ BUI Thi Hoa က ရရှိကာ ရွှေတံဆိပ်ဆုကို ဖိလစ်ပိုင်မှ WATANABE Kiyomi က ရရှိခဲ့သည်။

အမျိုးသမီး(-၇၀)ကီလိုတန်းတွင် တတိယဆုကို အင်ဒိုနီးရှားမှ GARTIA Tiara Artha ကရရှိ၍ ဒုတိယငွေတံဆိပ်ဆုကို မြန်မာမှသန္တာဝင်းက ရရှိကာ ရွှေတံဆိပ်ဆုကို ထိုင်းမှ THONGSRI Surattana က ရရှိခဲ့သည်။

အမျိုးသား(-၇၃)ကီလိုတန်းတွင် ကြေးတံဆိပ်ဆုကို ထိုင်းမှ LERTTHAISONG Banpot နှင့် မြန်မာမှ ဇော်နိုင်တို့က ပူးတွဲရရှိ၍ ဒုတိယငွေတံဆိပ်ဆုကို အင်ဒိုနီးရှားမှ APRIADI Iksan က ရရှိပြီး ရွှေတံဆိပ်ဆုကို ဖိလစ်ပိုင်မှ RAMIREZ Gilbert က ရရှိခဲ့သည်။

အမျိုးသား(-၈၁) ကီလိုတန်းတွင် ကြေးတံဆိပ်ဆုကို ဗီယက်နမ်မှ TO Hai Long နှင့် အင်ဒိုနီးရှားမှ ADESTA Putu Wiradamungga တို့က ပူးတွဲရရှိပြီး ငွေတံဆိပ်ကို စင်ကာပူမှ CHOW Gary က ရရှိကာ ရွှေတံဆိပ်ဆုကို ထိုင်းမှ KOCHARAT Nopachai က ရရှိခဲ့သည်။

မေ၊ စု၊ အေး

ဗိုဗီနမ်ပွဲစဉ် ဒုတိယနေ့ မြန်မာ ရွှေ ၂၊ ကြေး ၃ ရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဗိုဗီနမ်ပြိုင်ပွဲ၌ အင်ဒိုနီးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ ယှဉ်ပြိုင်ကြရာ ဒီဇင်ဘာ ၂၀ ရက်တွင် ဒုတိယနေ့ပွဲစဉ်များကို ဇေယျာသီရိအားကစားရုံ (A) ၌ ဆက်လက်ကျင်းပခဲ့သည်။

အမျိုးသမီးတစ်ဦးချင်း လက်သိုင်းအပြ (Dragon Tiger Form) ပြိုင်ပွဲတွင် ကမ္ဘောဒီးယားက ရမှတ် ၂၆၁ မှတ်ဖြင့် တတိယ ကြေးတံဆိပ်ဆုကို ရရှိ၍ ဗီယက်နမ်က ရမှတ် ၂၆၆ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်ဆု ရရှိကာ မြန်မာက ရမှတ် ၂၇၀ မှတ်ဖြင့် ပထမ ရွှေတံဆိပ်ဆု ရရှိခဲ့သည်။

အမျိုးသမီး နှစ်ယောက်တွဲ ဓားသိုင်းအပြ(Pair Sword Form) ပြိုင်ပွဲတွင် မြန်မာက ရမှတ် ၂၆၁ မှတ်ဖြင့် တတိယကြေးတံဆိပ်ရရှိပြီး ဗီယက်နမ်က ရမှတ် ၂၆၆ မှတ်ဖြင့် ဒုတိယငွေတံဆိပ်ရရှိကာ အင်ဒိုနီးရှားက ရမှတ် ၂၆၉ မှတ်ဖြင့် ပထမရွှေတံဆိပ် ရရှိခဲ့သည်။

၆၀ ကီလိုအမျိုးသမီးအတိုက်ပွဲစဉ်တွင် မြန်မာနှင့်အင်ဒိုနီးရှားတို့က ပူးတွဲတတိယရရှိ၍ လာအိုက ဒုတိယရရှိကာ ဗီယက်နမ်က ပထမဆုရရှိခဲ့သည်။ ၅၅ ကီလို အမျိုးသားအတိုက်ပွဲစဉ်တွင် တတိယဆုကို အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားတို့က ရရှိပြီး ဒုတိယဆုကို ဗီယက်နမ်က ရရှိကာ ပထမဆုကို လာအိုက ရရှိခဲ့သည်။

လေးယောက်တွဲ အမျိုးသား လက်နက်ခုခံကာကွယ်မှု အပြ (1 Male defense against 3 males with weapon) ပွဲစဉ်တွင် မြန်မာက ရမှတ် ၂၆၃ မှတ်ဖြင့် တတိယ ကြေးတံဆိပ်ရရှိ၍ ဗီယက်နမ်က ရမှတ် ၂၆၆ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်ရရှိကာ အင်ဒိုနီးရှားက ရမှတ် ၂၆၉ မှတ်ဖြင့် ရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။

အမျိုးသား နှစ်ယောက်တွဲ ဓားအပြ (Pair machete form) ပွဲစဉ်တွင် ကမ္ဘောဒီးယားက ရမှတ် ၂၅၉ မှတ်ဖြင့် ကြေးတံဆိပ်ရရှိ၍ ဗီယက်နမ်က ရမှတ် ၂၆၆ မှတ်ဖြင့် ငွေတံဆိပ်ရရှိကာ မြန်မာက ရမှတ် ၂၆၉ မှတ်ဖြင့် ရွှေတံဆိပ်ရရှိခဲ့သည်။

သတင်း - မေ၊ စု၊ အေး
ဓာတ်ပုံ - နိုင်လင်းကြည်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာအဆင့်မီ TRI Star Tyre နှင့် အရည်အသွေးပြည့်ဝသော အဆင့်မြင့်ပြည်တွင်းထုတ်ကုန်များ ကုန်စည်ပြပွဲ လှည့်လည်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နေ့လယ်ပိုင်းတွင် တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော နိုင်ငံ တကာအဆင့်မီ TRI Star Tyre နှင့် အရည်အသွေး ပြည့်ဝသော အဆင့်မြင့် ပြည်တွင်းထုတ်ကုန်ကုန်စည် ပြပွဲသို့ လှည့်လည် ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ခန်းမရှေ့၌ခင်းကျင်းပြသထားသည့် အဆင့်မီစက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး ခန်းမအတွင်းတွင် Mobile Money Service လက်တွေ့အသုံးချပုံတင်ဆက်မှုအား ကြည့်ရှုသည်။

ဆက်လက်ပြီး ကုန်စည်ပြပွဲ ပြခန်းအရောင်းဆိုင်များအား လှည့်လည်ကြည့်ရှု၍ ယခုထက်ပို၍ အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများအား နိုင်ငံတကာအရည်အသွေး ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် နိုင်ငံအနှံ့ ထိရောက်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးစားလုပ်ဆောင်သွားရန် အားပေးစကားပြောကြားကာ တာယာစက်ရုံ(ရွာမ)၏ Profile ပြခန်းတွင် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ အမှတ်တရဂုဏ်ပြုလက်မှတ် ရေးထိုးခဲ့သည်။

အဆိုပါကုန်စည်ပြပွဲတွင် TRI Star Tyre ပြခန်းများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးနှင့် ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးမှ ပြခန်းများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းနှင့် ဆက်စပ်လျက်ရှိသည့် ကုမ္ပဏီကြီးများမှ ပြခန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ MEC Tel Mobile Money စသည့် လုပ်ငန်းများလည်း ခင်းကျင်းပြသလျက်ရှိရာ ပြခန်းစုစုပေါင်း ၁၂၇ ခန်း ခင်းကျင်းပြသလျက်ရှိသည်။

ကုန်စည်ပြပွဲတွင် နေ့စဉ်အနုပညာရှင်များ၊ အဆိုတော်များ၊ မော်ဒယ်များ၊ မျက်လှည့်ပညာရှင်များဖြင့် ဖျော်ဖြေခြင်း၊ ကံစမ်းမဲအစီအစဉ်များနှင့် ပြပွဲကာလအတွင်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❍ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ

အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြတ်ငွေတို့သည် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့နာယက အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်း ဆပ်ကော်မတီဝင်များ၊ ရုပ်ရှင်ဂီတ အနုပညာရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အနယ်နယ် အရပ်ရပ်မှ ဘောလုံးအားကစားဝါသနာရှင်ပြည်သူများ၊ ဒေသခံ မန္တလေးမြို့တော်သူ မြို့တော်သားများနှင့်အတူ ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲမစတင်မီ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ အမှုဆောင်နှင့် မြန်မာနိုင်ငံအမျိုးသမီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဘောလုံးဒိုင်လူကြီးများ၊ နှစ်ဖက်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ထို့နောက် တတိယလုပွဲကို စတင်ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ၂၄ မိနစ်တွင် ရီရီဦးက စတင်သွင်းယူကာ ဦးဆောင်ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်းပွဲအပြီးတွင် မြန်မာအသင်းက မလေးရှားအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တတိယဆုကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တတိယဆုရရှိသော မြန်မာအသင်းမှ ကစားသမားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

မြန်မာအမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းအသင်း မျှော်မှန်းသည့်အတိုင်း ရွှေတံဆိပ်ဆွတ်ခူး

နေပြည်တော် ဒီဇင်ဘာ ၂၀

အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းအသင်း ဗိုလ်လုပွဲအဖြစ် မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာတို့ မျှော်မှန်းထားသည့်အတိုင်း ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သော်လည်း မထင်မှတ်သည့် ပေါ့ဆမှုများကြောင့် အလွန်အမင်းရုန်းကန်ခဲ့ရသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားခန်းမ(B)၌ ကျင်းပခဲ့သည့် အဆိုပါဗိုလ်လုပွဲစဉ်တွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်တို့ တက်ရောက် အားပေးခဲ့ကြသည်ကို တွေ့ရှိရသည်။ **(အပေါ်ပုံ)**

ဗိုလ်လုပွဲစဉ်တွင် ပထမအကျော့ ပွဲစဉ်ငယ်သုံးပွဲကို ယှဉ်ပြိုင်ကစားကြရာ၌ မြန်မာအသင်းသည် ပထမပွဲစဉ်ငယ်တွင် အမှတ်အသာစီးနှင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲစဉ်ငယ်တွင် မြန်မာကစားသမားများ ပြိုင်ဘက်အပေါ် အထင်သေးလျှော့တွက်မိသည့် အမှားတစ်ချက်ကြောင့် ၂၁-၁၉ မှတ်ဖြင့် အရေးနိမ့်ခဲ့ရသည်။ တတိယပွဲစဉ်ငယ်တွင်မူ မြန်မာကစားသမားတို့ အမှတ်ချင်းကွာဟမှုမရှိစေရန်ပင် အောက်မှလိုက်၍ ကစားခဲ့ရာ မြန်မာပရိသတ်တို့၏ အားမလိုအားမရ ဖြစ်ပေါ်လာသည့်အသံများ တစ်ကွင်းလုံးတွင် မကြာခဏဆိုသလို ထွက်ပေါ်ခဲ့သည်။

သားသည် မိခင်တစ်ဦး ရင်ခွင်တွင်အိပ်ပျော်နေသည့် ကလေးငယ်ကို မေ့လျော့ကာ လက်သီးလက်မောင်းတန်းအားပေးသဖြင့် ကလေးလွတ်ကျမလို ဖြစ်သွားသည်ကို မြင်တွေ့ခဲ့ရသည်။ ဒရမ်၊ လင်းကွင်း၊ ဗုံတို၊ ဗုံရှည်သံများ ညံစည်နေခဲ့ပြီး တစ်ခဲနက်အော်ဟစ်အားပေးနေကြသည့် 'မြန်မာ၊ မြန်မာ'ဟူသော အသံများတွင် မျှော်လင့်ချက်များစွာ ပါဝင်နေခဲ့သည်ကို သတိထားမိသည်။ သို့သော် စိတ်ဓာတ်ပိုင်းဆိုင်ရာ အသာစီးရရှိသွားခဲ့သည့် အင်ဒိုနီးရှားအသင်း၏ စနစ်တကျကစားကွက်များအောက်တွင် မြန်မာအသင်းပြန်လည်ဦးမော့နိုင်စေရန် ကြိုးပမ်းသော်လည်း နောက်ဆုံး၌ ၂၄-၂၂ မှတ်ဖြင့် ရှုံးနိမ့်သွားခဲ့ရာ မြန်မာပရိသတ်တို့ စိတ်ဓာတ်ကျခဲ့ရသည်။

ဒုတိယပွဲစဉ်ငယ်သုံးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားရန်အတွက် မြန်မာကစားသမား ဇော်လတ်နှင့် စည်သူလင်းတို့ ကွင်းအတွင်းဝင်ရောက်ကာ သွေးပူလေ့ကျင့်ခန်းပြုလုပ်နေစဉ်မှာပင် မြန်မာပရိသတ်တို့ မျှော်လင့်ချက်က ပြန်လည်လူးလွန့်သက်ဝင်လာသည်။

ဒုတိယအကျော့ပွဲစဉ်ငယ်သုံးပွဲ ပြန်လည်စတင်ချိန်တွင် မြန်မာပရိသတ်အင်အားသည် ယမန်နေ့က တာဝန်ရှိသူတစ်ဦးခန့်မှန်းထားသည့်အတိုင်း ကွင်းလုံးပြည့်နီးပါးဖြစ်လာသည်။ ပထမပွဲစဉ်ငယ်တွင် စည်သူလင်း၏ စနစ်တကျ ပင့်ထောင်ပေးပို့မှုနှင့်အပြိုင် ဇော်လတ်၏ ရိုက်ခုတ်ချက်များ၊ နောက်ပြန်ကန်ချက်များက ပရိသတ်ကို ဖမ်းငင်ဆွဲဆောင်နိုင်ခဲ့ပြီး မြန်မာပရိသတ်တို့ အသံဝင်လုမတတ် အော်ဟစ်ကြွေးကြော်အားပေးကြသည်ကို တွေ့ရှိရသည်။

မြန်မာပရိသတ်စိတ်ကျေနပ်မှုအပြည့်အဝရရှိစေရန်အတွက် ဇော်လတ်နှင့် စည်သူလင်းတို့က အစွမ်းကုန် ကြိုးပမ်းစွမ်းဆောင်ပေးခဲ့ရာ ၂၁-၁၇ မှတ်၊ ၂၁-၁၅ မှတ်တို့ဖြင့် မြန်မာအသင်းက နှစ်ပွဲပြတ်အနိုင်ရလဒ်ကို ဒုတိယပွဲစဉ်ငယ်တွင် ရယူပေးနိုင်ခဲ့သည့်အတွက် ပရိသတ်တို့မျက်နှာများထက်တွင် အပြုံးပန်းခင်းကြီး ပြန်ပေါ်လာခဲ့သည်။

မြန်မာပရိသတ်တို့ တာဝန်ကျေလွန်းလှပါသည်။ နိုင်ငံတော်အလံကြီးများ လေးဖက်လေးတန်ထောင့်များတွင် လေထဲတလူလူလွင့်ပျံနေသကဲ့သို့ တစ်ကွင်းလုံးဟိန်းညံနေသည့် 'မြန်မာ၊ မြန်မာ'ဟူသောအားပေးကြွေးကြော်သံများမှာလည်း လုံးဝရပ်တန့်မသွားခဲ့။ မျိုးချစ်စိတ်ကို အရင်းခံသည့် အားပေးမှုများဖြင့် မြန်မာအသင်းဘက်မှ တစ်မှတ်တိုးလျှင် တိုးသကဲ့သို့ အားပေးကြပြီး ပြိုင်ဘက်အသင်းတစ်မှတ်တိုးလျှင် မချင့်မရဲဖြစ်စွာ အော်ဟစ်ညည်းညူသံများလည်း နေရာအနှံ့မှ ထွက်ပေါ်လာတတ်သည်ကို တွေ့နေကြားနေရသည်။

မြန်မာအသင်းအတွက် အဆုံးအဖြတ်ပေးမည့် တတိယအကျော့ပွဲစဉ်ငယ် သုံးပွဲတွင် မြန်မာအသင်းမှ အောင်ပြည့်ထွန်းနှင့် ဝေလင်းအောင်တို့အတွဲဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ရွှေတံဆိပ်အတွက် အဆုံးအဖြတ်ပွဲစဉ်ဖြစ်ပေရာ မြန်မာပရိသတ်တို့ ရင်တမမဖြင့် စောင့်ကြည့်ခဲ့ရသည့် ပွဲတစ်ပွဲပင်။ ပွဲမစခင်မှာပင် မြန်မာနိုင်ပြီဟူသည့် သီချင်းသံက တစ်ကွင်းလုံး ဟိန်းညံနေပြီး အဆိုရှင် မျိုးကြီး၏ မြန်မာသီချင်းကလည်း ကစားသမားနှင့် ပရိသတ်များ ရင်တွင်းသို့ အရှိန်ပြင်းပြင်းတိုးဝင်လာကာ မြန်မာပရိသတ်တို့ အားပေးသံ၊ လက်ခုပ်သံတွေ ပိုမိုကျယ်လောင် သက်ဝင်လာခဲ့သည်။ ထိုပွဲစဉ်တွင် မြန်မာအသင်းက ၂၁-၁၀ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပွဲစဉ်ငယ်တွင်မူ မြန်မာပရိသတ်တို့၏ အနိုင်ရအောင်မြင်လိုစိတ်ပြင်းထန်နေမှုကို ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအားကစားမောင်မယ်များကပါ ဝိုင်းဝန်းအားဖြည့်လာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအလံများကို ကိုယ်စီကိုယ်ငှ ကိုင်ဆောင်ဝှေ့ယမ်းရင်း 'မြန်မာဟေ့၊ မြန်မာဟေ့'ဟူသည့် ကြွေးကြော်သံများကို မြန်မာပရိသတ်များနှင့်အပြိုင် လိုက်ပါအော်ဟစ်ကြွေးကြော်နေကြသည့်သူတို့ကို ဓာတ်ပုံမှတ်တမ်းတင်ချိန်တွင် လှိုက်လှိုက်လှဲလှဲ ပြန်လည်ပြုံးပြရင်း ဆက်လက်အားပေးနေသည်ကို တွေ့ရသည်။ ထိုပွဲတွင် မြန်မာအသင်းက ၂၁-၁၅ မှတ်ဖြင့် အနိုင်ရလိုက်ရာ မြန်မာပရိသတ်တို့၏ ရွှေတံဆိပ်မျှော်လင့်ချက်တို့ ပိုမိုရှင်သန်တောက်ပလာခဲ့ရသည်။

နောက်ဆုံးပွဲငယ်တွင် မြန်မာအသင်းက ပြိုင်ဘက်ကို အမှတ်အသာဖြင့် အနိုင်ရလိုက်ရာ တစ်ကွင်းလုံးဟိန်းညံသည့် အားပေးသံများက ဘဝင်ညံစွာ ထွက်ပေါ်လာခဲ့သည်။ အနိုင်ရသော်လည်း ရှုံးနိမ့်သွား၍ ငိုကြွေးနေသည့် အာဆီယံကစားဖော်ကစားဖက် အင်ဒိုနီးရှားကစားသမားများကို သွားရောက်နှစ်သိမ့်အားပေးနေကြသည့် မြန်မာအားကစားသမားများ၏ ညှာတာစာနာနားလည်မှုများကို မျက်ဝါးထင်ထင် မြင်တွေ့ရသည့်အတွက် အံ့သြနေကြသည့် အခြားနိုင်ငံများမှ အားကစားသမားများ၏ မျက်နှာများကို မြင်တွေ့ရသည့်အတွက်လည်း မိမိနိုင်ငံနှင့်လူမျိုးအတွက် အလွန်အမင်း အားရကျေနပ်စရာပင်။

ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော အင်ဒိုနီးရှားနှင့် ပူးတွဲတတိယရရှိသော ဗီယက်နမ်အသင်း၊ ဒုတိယဆုရ မြန်မာအသင်းနှင့် ပထမဆုရ ထိုင်းအသင်းတို့အား အာရှပိုက်ကျော်ခြင်းအထွေထွေအတွင်းရေးမှူး မစ္စတာ ဘွန်ချိုင်းလော့ပီပတ်နှင့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် ဦးကျော်ဦးတို့ကလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရ ဘရူနိုင်းနှင့် ကမ္ဘောဒီးယား၊ ဒုတိယဆုရ အင်ဒိုနီးရှားနှင့် ပထမဆုရ မြန်မာအသင်းတို့အား ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

သတင်း - အောင်နိုင် ❖ ဓာတ်ပုံ - ရွှေကိုကိုလေး

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း ၂၁-၁၂-၂၀၁၃

၆း၀၃	တရားတော်	၆း၃၀	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆း၁၀	မေတ္တာပို့	၇း၅၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပန်းပန်လျက်ပါ (၅)
၈း၁၀	မွေးမြူသုတ	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း -လူ့ရှင်တော်စတား -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခြင်းဖြင့်ဖန်ဆင်းသော ဟင်းလျာ" (အပိုင်း-၆၃)
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် ဘိုင့်ဘိုင် (မြင့်မြတ်၊ သက်မွန်မြင့်) (ဒါရိုက်တာ-ဝိုင်း)		
၁း၅၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဂျက်စီဘယ် (အပိုင်း-၃၁)		
၄း၃၅	ချစ်သူစုံတွဲတူယှဉ်နွဲ		
၅း၃၀	ရွှေလမ်းငွေလမ်းသူဌေးလမ်း		
၆း၁၀	စားဖိုဆောင်ချစ်သူ		

◆ စာမျက်နှာ ၆ မှ

သင်တာကိုတတ်၊ တတ်တာကို ကျွမ်းကျင်စွာ ပြန်အသုံးချမှုသက်သက်အဆင့်တွင် ရပ်နေ၍ဖြစ်ပါသည်။ တတ်သည့်ပညာပေါ်အခြေခံ၍ ပိုမိုကောင်းအောင် ချဲ့ထွင်တွေးတော၊ တီထွင်ကြံဆမှု အလေ့အကျင့်မရှိခဲ့သည့်သဘောပါ။ တကယ်တော့ ဆရာတွေပြောသမျှနှင့် စာအုပ်ထဲက အကြောင်းအရာတွေကို သင်လို့သိတဲ့ "သင်သိ"၊ "ကြားသိ"၊ "မှတ်မိအသိ" အဆင့်ဆိုတာ "အငှားအသိ"ပါ။ "တွေးသိ"၊ "ပိုင်းခြား မြော်မြင်သိ"၊ "ထွင်သိ"ဆိုသော "ကိုယ်ပိုင်သိ"၊ "ကိုယ်ပိုင်ပညာအဆင့်"မရောက်သေးပါ။ အမှန်အားဖြင့် ဆရာက ဦးဆောင်လမ်းညွှန်ပြသပေးတဲ့ အချက်အလက်တွေ၊ ပြဿနာတွေကို မိမိကျောင်းသားကိုယ်တိုင် ဆွေးနွေးဖြေရှင်းနိုင်ပြီး အတွေးသစ်၊ အမြင်သစ် တင်ပြနိုင်တဲ့အဆင့်ရောက်မှသာ ပညာအစစ်ကို လက်ခံရရှိခြင်း ဖြစ်ပါသည်။ ဆရာ့နောက်ကို သံယောင်မလိုက်ဘဲ ဆရာ့အရိပ်အောက်က ခွဲထွက်နိုင်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ပညာအသစ်ထုတ်ပြန်နိုင်မှသာ တကယ့်ပညာတတ်တစ်ယောက်ရဲ့ အဆင့်ကိုရောက်တာပါ။

"အချက်အလက်၊ အကြောင်းအရာတွေဟာ သိထားရုံသက်သက်အဖြစ်ထားရန်မဟုတ်ပါ"ဟု ၂၀ ရာစု လူသား အိုင်းစတိုင်းက ဆိုခဲ့ပါသည်။ သင်ယူပြီးတဲ့ အချက်အလက်အကြောင်းအရာတွေကို ဆက်စပ်စုစည်းနိုင်စွမ်းရှိပြီး ဝေဖန်သုံးသပ်မှု(Analysis) ပြုလုပ်ရမည်၊ ပြီးတော့ ကောက်ချက်ဆွဲတတ်ရပါမည်။ နောက်ဆုံးတွင် ထိုကောက်ချက်ကိုအခြေခံပြီး ဘယ်လိုဆန်းသစ်တီထွင်အသုံးချရမလဲ(Creativity)ဆိုသည့် အရည်အသွေးတွေ ထွက်လာဖို့ပါ။ ထိုသူများကသာ လူ့ဘောင်လောက ဖွံ့ဖြိုးသာယာငြိမ်းချမ်းအောင် ဆောင်ရွက်ကြလို့ပါ။

တကယ်တော့ ပညာရေးက လူသားကို သူ့ဘက်ကိုယ့်ဘက်ကို ကြည့်တတ်သူ၊ ရှုထောင့်ပေါင်းစုံကို တွေးတတ်သူ၊ မြင်ကြည့်တတ်သူ၊ တည်ငြိမ်ရင့်ကျက်သူတွေဖြစ်လာအောင် လေ့ကျင့်ပေးခြင်းဖြင့် လူသားကို တန်ဖိုးနိမ့်ကျသူဘဝမှ တန်ဖိုးမြင့်သူဘဝသို့ရောက်အောင် ပညာရေးက အဆင့်မြှင့်တင်ပေးလိုက်ခြင်းပါ။ အဲဒီအခါမှာ လူဟာ မစဉ်းစား မဆင်ခြင်နိုင်တဲ့ဘဝ၊ သူများသြဇာလွှမ်းခံ၊ အခိုင်းခံဘဝမရောက်တော့ပါ။ ဆင်ခြင်တုံတရားနည်းတဲ့ တန်ဖိုးနိမ့်သူဘဝနဲ့ အလှမ်းဝေးလာပြီး လောကအလယ်၌ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အမြင်နဲ့ ရပ်တည်နိုင်စွမ်းရှိလာပါတယ်။ လူ့တန်ဖိုးမြင့်လာပြီဆိုလျှင် အတ္တအကျိုးကို ရှေ့တန်းတင်မှုများ လျော့ပါးလာပြီး အများအကျိုး ရွက်သယ်ပိုးလိုစိတ်တွေ ပိုများလာပါမည်။ အဲဒီလို လူသားဆန်တဲ့လူသားတွေ မွေးပေးနိုင်ပါမှ ပညာရေး၏ စစ်မှန်သည့်အနှစ်သာရပေါ်လာခြင်းပါ။ အဲဒီလိုဖြစ်စေဖို့ တွေးခေါ်မှုနှင့် ဝေဖန်ပိုင်းခြားမှုရင့်သန်တဲ့ သင်ကြားသင်ယူမှုနည်းစနစ်နဲ့ သွားနေမှ ဖြစ်မှာပါ။

ကွန်ဖြူးရှပ်က Learning without thinking is labour lost ဟု ဆိုခဲ့ပါသည်။ "မိမိသင်ယူထားသော ပညာကိုအခြေခံ၍ ဝေဖန်သုံးသပ်နိုင်စွမ်းမရှိသူ၏ လုပ်အားသည် အချည်းအနှီးသာဖြစ်ပေသည်"ဟု အဓိပ္ပာယ်ရသဖြင့် တွေးတတ်၊ ခေါ်တတ်၊ မြော်မြင်တတ်မှုနှင့် တီထွင်တတ်မှုမရှိသော လူညံ့များ မွေးထုတ်ပေးနေသော တက္ကသိုလ်မျိုးအဖြစ် မြန်မာ့တက္ကသိုလ်များကို အရောက်မခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာ့တက္ကသိုလ်များမှ မွေးထုတ်သော လူ့စွမ်းအားအရင်းအမြစ်များသည် ဝေဖန်သုံးသပ်နိုင်စွမ်းမဲ့ပြီး တီထွင်နိုင်မှုမရှိဘဲ ခိုင်းသမျှလောက်သာ လုပ်တတ်သောသူများ ဖြစ်နေခဲ့လျှင် ကျွန်တော်တို့ရဲ့ နိုင်ငံ၊ လူ့အဖွဲ့အစည်းသည်လည်း ဖွံ့ဖြိုးမှု၊ တိုးတက်မှုနှင့် အလှမ်းဝေးသည့်ဘဝ ရောက်မှာစိုးရိမ်မိလို့ပါ။ ထိုသို့ မဖြစ်စေရန်အတွက် ဝေဖန်ပိုင်းခြားနိုင်မှုဖြင့် တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေသည့် သင်ကြားသင်ယူမှုနည်းစနစ် ထွန်းတောက်နေစေရန် ယနေ့မြန်မာ့တက္ကသိုလ်များ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုမှာ ထည့်သွင်းအကောင်အထည်ဖော်ရန် မဖြစ်မနေ လိုပါပြီ။ ။

ရခိုင်ပြည်နယ်သို့ ဆင်တံဆိပ်ဘိလပ်မြေအိတ်များတင်ပို့

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းနယ်မြေတွင် ယနေ့ မွန်းလွဲပိုင်းက ဆူးလေဆိပ်ကမ်းအမှတ်(၆)ကုန်ကူးသင်္ဘောမှ ရန်ကုန်-စစ်တွေပြေးဆွဲနေသော mv ရာဇာမင်းသင်္ဘောပေါ်သို့ ဆင်တံဆိပ်ဘိလပ်မြေအိတ် ၃၂၀၀၀ တင်ဆောင်လျက်ရှိပြီး ယင်းဘိလပ်မြေအိတ်များကို ရခိုင်ပြည်နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ရာ ဝါးတန်းဆိပ်ကမ်းနယ်မြေတာဝန်ကျ Mobile Team အဖွဲ့ဝင်များက ယင်းသင်္ဘောပေါ်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကျော်မြင့်အေး(ပြန်/ဆက်)**

အရည်အသွေးကောင်း စပါးမျိုး စမ်းသပ်ကွက်ရိတ်သိမ်း

စလင်း ဒီဇင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် အရည်အသွေးကောင်း စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ရိတ်သိမ်းခြင်းနှင့် အထွက်နှုန်းမှတ်တမ်းတင်ခြင်း လုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက တောစိမ့်ကျေးရွာ တောင်သူ ဦးမြင့်ဝင်း၏ ကွင်းအမှတ်(၆၀၀) ဦးပိုင်အမှတ်(၈၁/၁)ရှိ စမ်းသပ်ကွက်၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်စိုက်/ညှိအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ကျေးရွာတောင်သူများက စံကွက်ရိတ်သိမ်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျောင်းဆောင်သစ်ဆောက်လုပ်

ကလေး ဒီဇင်ဘာ ၂၀

ကလေးမြို့နယ် ကံပုလဲကျေးရွာ အလယ်တန်းကျောင်းခွဲ၏ တစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်ဆောက်လုပ်မှု၊ ဟဲလုတ်ကျေးရွာ အစိုးရမူလတန်းကျောင်း၏ တစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်ဆောက်လုပ်မှု၊ သံဖိုကျေးရွာ အစိုးရအလယ်တန်းကျောင်းခွဲ၏ နှစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် ခုံတိုးမြို့သာကျေးရွာ အစိုးရအလယ်တန်းကျောင်းခွဲ၏ နှစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်ဆောက်လုပ်မှုများကို ဒီဇင်ဘာ ၁၉ ရက်တွင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် မြောက်စည်းရွာမကျေးရွာ၏ ရွာကမ်းစပ်တစ်လျှောက် မဏိပူရမြစ်ရေတိုက်စားမှုများကို ကြည့်ရှုစစ်ဆေးပြီး ရွာကမ်းစပ်မြစ်ရေတိုက်စားမှုမှကာကွယ်ရန် မြစ်ရေလမ်းကြောင်းလွှဲပြောင်းဖောက်လုပ်နိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ညှိနှိုင်းကြကြောင်း သိရသည်။ **(ဂျိုးနက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၁၂-၂၀၁၃ (စနေနေ့)

၅း၄၀ "ပေးတတ်ယူတတ်ပါစေမြတ်အမွေ" တရားတော် (ဓမ္မဒူတအရှင်မာဃိန္ဒ)
၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၄၇)
၇း၂၀ ၂၀၁၂ ခုနှစ် အကယ်ဒမီ ဆုပေးပွဲ အတွက်ခေတ်စားနေမည့် ဖက်ရှင်များ (အပိုင်း-၁)
၇း၄၀ စာအုပ်ပြခန်း [ရေညှိတက်သွားတဲ့ တိမ်မြုခိုး (ညလင်းဖြူ)]
၈း၁၅ **MRTV-4** ကျန်းမာရေးကဏ္ဍ "မိသားစုစီမံကိန်းသားဆက်ခြားနည်းများ" (အပိုင်း-၁)
၉း၀၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း- ၃၀)
၃း၃၀ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
၄း၄၀ တရားဓမ္မပွဲများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Villarreal - Sevilla	(Star Sports)
၁၁း၃၀	Real Betis - Almeria	(Star Sports) (MRTV-4)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Atletico Madrid - Levante	(Star Sports)
၃း၃၀	Granada - Real Scoiedad	(Star Sports)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ပျောက်ဆုံး

ကျွန်တော် ဦးဇော်တင့် မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၀၄၅၀၀၇] (High Way Video) ၏ (၆၀)ရပ်ကွက်၊ အကွက်အမှတ် (၁၃၈၈)ငွေသွင်းချလန် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၇၃၀၂၃၀၈၁

အမည်ပြောင်း

ပျဉ်းမနားမြို့နယ်၊ သကြားစက် အခြေခံပညာအထက်တန်းကျောင်း၊ ဆဋ္ဌမတန်း(ခ)တွင် ပညာသင်ကြားနေသော အဖ ဦးငွေမိုးလင်း၏ သားဖြစ်သူ မောင်ကောင်းဇော်သန့်အား မောင်မင်းကျော်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကျေးဇူးဆပ်ပါမည်

၁၇-၁၂-၁၃ ရက် ည ၇း၃၀ နာရီတွင် ရှစ်မိုင် ရွှေဘဲ စားတော်ဆက်မှ ၉ မိုင် ရှမ်းကျောင်းသို့အပြန် Probox Taxi ကားပေါ်တွင် အနက်ရောင်ပိုက်ဆံအိတ် ကျပျောက်ခဲ့ပါသည်။မှတ်ပုံတင်နှင့်ယာဉ်မောင်းလိုင်စင် တွေ့ရှိပါက အကြောင်းကြား ပေးပို့စေလိုပါသည်။

ဦးအောင်မင်း
၁၂/လမတ (နိုင်)၀၀၉၀၉၃
ဖုန်း-၀၁-၇၀၇၅၆၉၊ ၀၉-၇၃၁၅၁၂၈၁



မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဝန်ထမ်းအိမ်ရာဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီး ဝန်ထမ်းအိမ်ရာ သုံးထပ်ဆောင်(ခါကာဘိုရာဇီဆောင်)ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါ အဆောက်အအုံမျက်နှာစာ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်နှင့် ပြည်နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာဝင်းလွင်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အိမ်ရာသုံးထပ်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူက ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ဇင်ထံ အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ ဝန်ထမ်းအိမ်ရာကို နိုင်ငံတော်မှ ငွေကျပ် ၅၉၀ ဒသမ ၄ သန်း အကုန်အကျခံတည်ဆောက်ပေးခြင်း ဖြစ်သည်။

ဆက်လက်ပြီး ဆေးရုံကြီး ကွန်ပျူတာဓာတ်မှန်ခန်း (CT Scan)ဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးရုံအုပ်ကြီးတို့က CT Scan ခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကြေးပြားဆိုင်းဘုတ်ကို အမွှေးနံ့သာပက်ဖျန်းပေးပြီး (CT Scan)ခန်း၊ Control Room နှင့် ဆေးကုသဆောင်များကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်နှင့် သူနာပြုများအား တွေ့ဆုံ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့ လုပ်ငန်းသဘောသဘာဝကို သိရှိရန် လိုအပ်ကြောင်း၊ ဝေးလံခက်ခဲသော ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်သူသည် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအားဖြင့် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရာရောက်စေသည်ကိုလည်း သိရှိရန်လိုကြောင်း။

အများအကျိုးအတွက် မှန်ကန်သည့်ကိစ္စကို နည်းမှန်လမ်းမှန် တင်ပြဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း အပြန်အလှန်နားလည်ယုံကြည် လေးစားမှုရှိရန်လိုကြောင်း။

ဆေးရုံစည်းကမ်း၊ ဝန်ထမ်းစည်းကမ်းနှင့်ပတ်သက်၍ ခိုင်မာစွာရပ်တည်ပြီး ပြောဆိုဆက်ဆံမှု၌ ညင်သာရန်လိုကြောင်း၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်တို့ကို အခြေအနေ အချိန်အခါနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးနှင့် တွေ့ဆုံကာ ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မော်တော်ယာဉ်လိုင်စင်သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန် အသိပေးထားသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁	နေပြည်တော်	လယ်ဝေး
၂	ရန်ကုန်တိုင်းဒေသကြီး	မှော်ဘီ၊ ဒလ
၃	မန္တလေးတိုင်းဒေသကြီး	မိုးကုတ်
၄	ရှမ်းပြည်နယ်	ညောင်ရွှေ၊ တန့်ယန်း၊ မိုင်းပျင်း၊ တာလေ
၅	ကချင်ပြည်နယ်	တနိုင်း၊ မိုးကောင်း
၆	ကရင်ပြည်နယ်	ဖာပွန်
၇	စစ်ကိုင်းတိုင်းဒေသကြီး	ချောင်းဦး၊ မြောင်
၈	တနင်္သာရီတိုင်းဒေသကြီး	တနင်္သာရီ
၉	ပဲခူးတိုင်းဒေသကြီး	ပေါင်းတည်
၁၀	မကွေးတိုင်းဒေသကြီး	ရေနံချောင်း၊ နတ်မောက်၊ ဆိပ်ဖြူ ပွင့်ဖြူ အောင်လံ
၁၁	မွန်ပြည်နယ်	မုဒုံ
၁၂	ရခိုင်ပြည်နယ်	ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း
၁၃	ဧရာဝတီတိုင်းဒေသကြီး	လပွတ္တာ၊ ဓနုဖြူ ဖျာပုံ၊ အင်္ဂပူ

(သတင်းစဉ်)

ကြိမ်ပင်ဆည် စက္ကော့ – ဓနုဖြူ – ဇလွန် – ဟင်္သာတလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြိမ်ပင်ဆည် စက္ကော့-ဓနုဖြူ-ဇလွန်-ဟင်္သာတလမ်းတစ်လျှောက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မိုင်တိုင်အမှတ် (၂/၃)တွင် ဟင်္သာတမြို့ရှောင်လမ်းဆောင်ရွက်မည့် လမ်းအခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၃/၀)တွင် ကတ္တရာလမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မိုင်တိုင်အမှတ် (၁၀/၆)တွင် မအူပင်ခရိုင်မှ ဂျပန်အင်ဂျင်နီယာပညာရှင်များနှင့် ပူးပေါင်း၍ ရေရောကတ္တရာ ဘိလပ်မြေကျောက်တို့ဖြင့် ရောစပ်၍ စက်ယန္တရားများဖြင့်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



သွေးသည် အသက်


အမည်မှန်
အဖ ဦးထွန်းလွင်၏ သား မောင်ရဲမင်းအောင် မှတ်ပုံတင်အမှတ်[၁၂/သလန(နိုင်) ၁၁၉၇၁၁]၏ အမည်မှန်မှာ မောင်ဖြိုးဇေယျာမင်း ဖြစ်ပါကြောင်း။

ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် ZPQ Topside Installation, Hook-up and Commissioning လုပ်ငန်းများကို ဆောင်ရွက်သွားမည့် Control Area တည်နေရာဖြစ်သော Point (A) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၀၇ ဒသမ ၀၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၃၈ ဒသမ ၄၈၈ စက္ကန့်၊ Point (B) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၇ မိနစ် ၂၀ ဒသမ ၉၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၃ မိနစ် ၄၂ ဒသမ ၄၂၇ စက္ကန့်၊ Point (C) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၄ ဒသမ ၇၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၃ မိနစ် ၄၄ ဒသမ ၃၀၈ စက္ကန့်၊ Point (D) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၆ မိနစ် ၄၄ ဒသမ ၈၉၁ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၉ မိနစ် ၀၁ ဒသမ ၇၆၅ စက္ကန့်၊ Point (E) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၄၅ ဒသမ ၆၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၃ မိနစ်၅၂ ဒသမ ၄၀၀ စက္ကန့်၊ Point (F) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၀၁ ဒသမ ၄၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ်၂၁ ဒသမ ၁၅၆ စက္ကန့်၊ Point (G)မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၂၉ ဒသမ ၄၁၁ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၈ မိနစ် ၃၄ ဒသမ ၆၄၂ စက္ကန့်တွင်လည်းကောင်း၊ ZPQ Installation Site တည်နေရာဖြစ်သော Point ZPQ Location မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၇ ဒသမ ၈၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၄ ဒသမ ၃၇၇၃ စက္ကန့်တို့တွင် တိုင်းတာရေးရေယာဉ် Accommodation Barge PW NATUNA ဖြင့် ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

သို့ရာတွင် အဆိုပါ တိုင်းတာရေးရေယာဉ်သည် ZPQ Topside Installation, Hook-up and Commissioning လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်မီပြီးစီးနိုင်ခြင်းမရှိပါသဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် ZPQ Topside Installation,Hook-up and Commissioning လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Accommodation Barge PW NATUNA ဖြင့် သက်တမ်းတိုးမြှင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါကြောင်း သိရသည်။

(သတင်းစဉ်)

မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ၊ အမျိုးသားမြေအသုံးချမှု မူဝါဒ မူဘောင်(မူကြမ်း)ရေးဆွဲရေးဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အချိုးညီဆောင်ရွက်နိုင်ရန် အမျိုးသားမြေအသုံးချမှု မူဝါဒ (မူကြမ်း)အား ရေးဆွဲတင်ပြနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားမြေအသုံးချမှု မူဝါဒရေးဆွဲရေးလုပ်ငန်းတွင် အဓိကအရေးပါသည့် မြေအသုံးချမှု မူဝါဒမူဘောင်များချမှတ်ရန်အတွက်ကော်မတီလုပ်ငန်းအဖွဲ့များ၊ အတိုင်ပင်ခံပညာရှင်များ၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်နှင့် အမျိုးသားနည်းပညာ အကြံပေးများပူးပေါင်း၍ ရေးဆွဲခဲ့သည့် အမျိုးသားမြေအသုံးချမှု မူဝါဒ မူဘောင် (မူကြမ်း) အား တင်ပြဆွေးနွေးသည့် အစည်းအဝေးအား ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ နေပြည်တော်၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ အတိုင်ပင်ခံပညာရှင်များ၊ ပင်မလုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်နှင့် အမျိုးသားနည်းပညာအကြံပေးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၅၀ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကော်မတီအတွင်းရေးမှူးက သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအား ကာလသတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး၊ အရှိန်အဟုန်မြှင့်တင်နိုင်ရေးဆွေးနွေးပြောကြားခဲ့ပြီး အမျိုးသားနည်းပညာ အကြံပေးများမှ မြေအသုံးချမှု မူဝါဒ မူဘောင်(မူကြမ်း)အား ရှင်းလင်းတင်ပြခြင်း၊ ပင်မလုပ်ငန်းအဖွဲ့ဝင်များ၊ အတိုင်ပင်ခံပညာရှင်များမှ ဆွေးနွေးအကြံပြုခြင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒ(မူကြမ်း) ရေးဆွဲရေးလုပ်ငန်းအဖွဲ့မှ တင်ပြသည့် အမျိုးသားမြေအသုံးချမှု မူဝါဒ မူဘောင်(မူကြမ်း)အား တက်ရောက်သူများက သဘောတူဆုံးဖြတ်ခြင်း၊ မြေယာခွဲဝေ အသုံးချမှုကော်မတီစိစစ်ဆောင်ရွက်ရေးလုပ်ငန်းဆောင်ရွက်မှုများ တိုးတက်မှုအခြေအနေများအား ပြည်သူလူထုသို့ အသိပေးတင်ပြခြင်းနှင့် ဆောင်ရွက်မည့်အစီအစဉ်များအားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဖွဲ့ဝင် ၂၁ ဦးပါဝင်သော မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၁၈-၆-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၁/၂၀၁၂ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ ၉-၁၁-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၄/၂၀၁၂ ဖြင့် အဖွဲ့ဝင်လေးဦး ဖြည့်စွက်ဖွဲ့စည်းခဲ့ပြီး ကော်မတီအစည်းအဝေး သုံးကြိမ်ကျင်းပ၍ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ ပင်မလုပ်ငန်းအဖွဲ့အစည်းအဝေး(၆) ကြိမ်ကျင်းပ၍ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့်မြေယာအသုံးချမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ မြေအသုံးချမှုဆိုင်ရာ နည်းပညာ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ မြေအသုံးချမှုဆိုင်ရာ မြေပြင်အချက်အလက်စာရင်းဇယားများကောက်ယူရေးနည်းပညာသင်တန်းနှင့် GPS အသုံးပြုမှု သရုပ်ပြဆောင်ရွက်ခြင်း၊ တောင်ငူမြို့နယ် မြေအသုံးချမှုဆိုင်ရာ ရှေ့ပြေးကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ FAO အဖွဲ့နှင့် ပူးပေါင်း၍ မြေယာ၊ သားငါး၊ သစ်တောလုပ်ပိုင်ခွင့်ဆိုင်ရာ စီမံအုပ်ချုပ်မှုအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ အတိုင်ပင်ခံပညာရှင်အဖွဲ့ဖွဲ့စည်းခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သစ်တောနယ်မြေအတွင်း နှစ်ကာလအတန်ကြာ အခြေချနေထိုင်လျက်ရှိသည့် အိမ်စု၊ ရွာစုများအား ကျေးရွာသစ်များအဖြစ် သစ်တောမြေမှ ပယ်ဖျက်ကာကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအမံများနှင့်အညီ စုစည်းနေရာချထားခြင်း၊ သတင်းထုတ်ပြန်ရှင်းလင်းပွဲကျင်းပခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ကော်မတီ၏ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ Satellite Data များ၊ ဆက်စပ်ပစ္စည်းကိရိယာများ၊ ကူညီထောက်ပံ့မှုများနှင့် ရန်ပုံငွေရရှိရေး ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြေယာအသုံးချစီမံဆောင်ရွက်နေသော ဌာနအသီးသီး၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသုံးသပ်ပြီး လိုအပ်သလိုပြင်ဆင်ရေးဆွဲခြင်း၊ မြေအသုံးချမှုမူဝါဒ(မူကြမ်း) (Draft Land Use Policy) ရေးဆွဲခြင်း၊ မြေအသုံးချမှုဥပဒေ (Land Law) မူကြမ်းရေးဆွဲတင်ပြခြင်း၊ ပြည်သူလူထုများအား အသိပညာပေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းနှင့် မြေယာစီမံအုပ်ချုပ်မှု စီမံချက် (Land Use Management Plan) ရေးဆွဲခြင်းတို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာနနှင့် တက္ကသိုလ်တွင် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

ဆက်စပ်လုပ်ငန်းများ	
(က)	ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာ သုတေသနဦးစီးဌာန ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း
(ခ)	နည်းပညာတက္ကသိုလ်(မှော်ဘီ) (၁) သုံးထပ်ဆောင်အဝင်လမ်းပြုပြင်ခြင်းလုပ်ငန်း (၂) မြေနီလမ်းပြုပြင်ခြင်းလုပ်ငန်း (၃) သုံးထပ်စာသင်ဆောင်ထောင့်ချိုး ကျောက်ခင်းလမ်း ပြုပြင်ခြင်းလုပ်ငန်း (၄) အခြားပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ (၈) ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်းနံပါတ် ၀၆၇-၄၀၄၁၈၁ နှင့် ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် e-Government ဆိုင်ရာ Server များအား မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ဒြပ်ပစ္စည်း သိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက် သုတေသနလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့်လည်းကောင်း ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

ယာဉ်မောင်းအလိုရှိသည်။

ကျား (၂၈-၄၀) နှစ်အတွင်း (၅)ဦး

[illegible]

စုစုအေးအောင်
ဝမ်းမှန်
အခကြာပြေဆေး



ရွှေရောင်လွှမ်းတဲ့ ဗိုဗီနမ်

တွေ့ဆုံမေးမြန်း - မေ၊ စုအေး

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာ့သိုင်းအဖွဲ့ချုပ်မှ မြန်မာ့သိုင်းသမားများသည် မြန်မာသိုင်းပညာကို အခြေခံ၍ ဗီယက်နမ်မှဆင်းသက်လာသော ဗိုဗီနမ်အားကစားနည်း၏ စည်းမျဉ်းများနှင့်အညီ ပြင်ဆင်လေ့ကျင့်ပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဗိုဗီနမ်ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်ဆုများကို ထိုက်တန်စွာရရှိခဲ့ကြသည်။

ဦးသက်နိုင်ဦး (မြန်မာဗိုဗီနမ်အဖွဲ့ချုပ် နည်းပြ)

သန်းထိုက် (အမျိုးသားနှစ်ယောက်တွဲ ဓားအပြ - ရွှေတံဆိပ်ဆုရှင်)

လွှမ်းအောင်(အမျိုးသား နှစ်ယောက်တွဲ ဓားအပြ - ရွှေတံဆိပ်ဆုရှင်)

ခိုင်ဝါဖူး (အမျိုးသမီးတစ်ဦးချင်း လက်သိုင်းအပြ - ရွှေတံဆိပ်ဆုရှင်)

ဦးသက်နိုင်ဦး (မြန်မာဗိုဗီနမ်အဖွဲ့ချုပ်နည်းပြ)

"ကျွန်တော်တို့ ဒီဗိုဗီနမ်အဖွဲ့မှာ ကျွန်တော်အပါအဝင် မြန်မာနည်းပြ ခုနစ်ယောက်ရှိပါတယ်။ ဦးလှမြိုင်၊ ဦးဆန်းဝင်း၊ ဦးကျော်မင်းထွန်း၊ ဦးငွေစိုး၊ ဒေါ်သီတာအေး၊ ဒေါ်နွယ်နီဇော်ဝင်းနဲ့ ကျွန်တော်ပါ။ ဒီဗိုဗီနမ်အားကစားဟာဆိုရင် ကျွန်တော်တို့ မြန်မာ့သိုင်းရဲ့ ဗန်တိုပညာနဲ့နီးစပ်ပါတယ်။ ပြိုင်ပွဲဝင်အားကစားသမားတွေကို ၂၀၁၂ အောက်တိုဘာ ၁၅ ရက်ကတည်းက ရန်ကုန်မှာရှိတဲ့ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှာ လေ့ကျင့်ပေးခဲ့ပါတယ်။ ၂၀၁၃ ဇန်နဝါရီ ၁၅ ရက်မှာ နေပြည်တော်ကို ရောက်ပါတယ်။ ၂၀၁၃ မတ် ၁၆ ရက်ကနေ ဧပြီ ၁၄ ရက်ထိ ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့မှာ Joint training သွားရောက်လေ့ကျင့်ခဲ့ပါတယ်။ ဗိုဗီနမ်အားကစားနည်းကို (၂၆)ကြိမ်မြောက် အင်ဒိုနီးရှား ဆီးဂိမ်းမှာ စတင်ထည့်သွင်းခဲ့တာပါ။ မြန်မာနိုင်ငံအနေနဲ့တော့ အခုမှ စတင်ယှဉ်ပြိုင်တာပါ။ ဒီအတိုင်းအတာလေးအတွင်းမှာ ဒီလောက်ဆုတံဆိပ်တွေရရှိခဲ့လို့ ကျေနပ်ပါတယ်။ ဝမ်းလည်းဝမ်းသာပါတယ်"

သန်းထိုက် (အမျိုးသားနှစ်ယောက်တွဲဓားအပြ - ရွှေတံဆိပ်ဆုရှင်)

"ပြိုင်ပွဲက နည်းနည်းတော့ ခက်တယ်ဗျ။ ရင်လည်းခုန်ရပါတယ်။ ပရိသတ်က အရမ်းအားပေးနေတော့ ကစားရတာ အရမ်းအားရှိပါတယ်။ ငါနိုင်ကိုနိုင်ရမယ်ဆိုတဲ့ စိတ်နဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ ဗိုဗီနမ်ကိုတော့ ဒီနှစ်မှစကစားတာပါ။ အရင်ကတော့ မြန်မာ့သိုင်းသမားတစ်ယောက်အနေနဲ့ ပြိုင်ပွဲတွေဝင်ဖူးပါတယ်။ အားပေးနေတဲ့ ပရိသတ်ကြီးကို အများကြီးကျေးဇူးတင်ပါတယ်။ ခုလို ရွှေတံဆိပ်ရလို့ ပြောမပြတတ်အောင် ဝမ်းသာရပါတယ်"

လွှမ်းအောင်(အမျိုးသား နှစ်ယောက်တွဲဓားအပြ - ရွှေတံဆိပ်ဆုရှင်)

"ပြိုင်ပွဲအတွေ့အကြုံတွေအနေနဲ့ကတော့ ဒီနှစ်ထဲမှာ နှစ်ပွဲလောက်ပြိုင်ဖူးပါတယ်။ ငါးလပိုင်းတုန်းက ကမ္ဘောဒီးယားမှာလုပ်တဲ့ အာရှပတ်လည်ပွဲရယ်၊ မြန်မာက တစ်ပွဲရယ်ပြိုင်ဖူးတာပါ။ အခုပြိုင်ပွဲမှာ တွေ့ကြုံရတဲ့အခက်အခဲတွေကို နိုင်ငံ့အတွက် ဂုဏ်ဆောင်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ခုလို ဆုရတဲ့အတွက်ရင်ထဲမှာ အရမ်းပျော်ပါတယ်။ အားပေးနေတဲ့ ပရိသတ်ကြီးကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။ ဂရုတစိုက်သင်ပြပေးတဲ့ ဆရာတွေကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီးတော့ အားကစားသမားအနေနဲ့ မရပ်တည်တော့ဘဲ မျိုးဆက်သစ်လူငယ်တွေကို လေ့ကျင့်မွေးထုတ်ပေးတဲ့ နည်းပြတစ်ယောက်အနေနဲ့ ပြောင်းလဲရပ်တည်သွားမှာပါ"

ခိုင်ဝါဖူး(အမျိုးသမီး တစ်ဦးချင်း လက်သိုင်းအပြ - ရွှေတံဆိပ်ဆုရှင်)

"၂၀၁၂ လောက်ကတည်းက လေ့ကျင့်ခဲ့တာဆိုတော့ လေ့ကျင့်တာ တစ်နှစ်ကျော်ပါပြီ။ အရင်တုန်းကတော့ မြန်မာ့သိုင်းကို ကစားပါတယ်။ ဗိုဗီနမ်ကိုတော့ ဒီနှစ်မှစကစားတာပါ။ pre sea games တုန်းက တတိယဆု ရရှိခဲ့ပါတယ်။ ကမ္ဘောဒီးယားချန်ပီယံရှစ် ပြိုင်ပွဲကိုလည်း ပြိုင်ဖူးပါတယ်။ ရွှေတံဆိပ်ဆုရရမယ်ဆိုတဲ့ ခံစားချက်နဲ့ယှဉ်ပြိုင်ခဲ့တာပါ။ ဗီယက်နမ်နဲ့အင်ဒိုကတော့ အဓိက ပြိုင်ဘက်ပေါ့။ ငါနိုင်ကိုနိုင်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ အခုလို ရွှေတံဆိပ်ရတော့ အတိုင်းမသိ ပျော်ပါတယ်။ ပရိသတ်ကြီးကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။ ပရိသတ်တို့ရဲ့ လက်ခုပ်သံက အားဖြစ်စေပါတယ်။ ၂၀၁၅ စင်ကာပူဆီးဂိမ်းမှာလည်း မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်ဦးမှာပါ"။

၂၀၁၃ Ballon d'Or အတွက် ကစားသမားသုံးဦးရွေးချယ် ဆုပေးပွဲကို ၂၀၁၄ ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည်

ငွေကြယ်

ဖီဖာဘောလုံးကော်မတီနှင့် ပြင်သစ်ဘောလုံးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်စုက ၂၀၁၃ ခုနှစ်၏ ဖီဖာ Ballon d'Or ဆုအတွက် ကစားသမား ၂၃ ဦးစာရင်းကိုရွေးချယ်ခဲ့ပြီး ၎င်းတို့အနက် ဆန်ခါတင်ကစားသမား သုံးဦးစာရင်းကို ဒီဇင်ဘာ ဒုတိယပတ်တွင် ထပ်မံစိစစ်ရွေးချယ်ခဲ့ရာတွင် လီယွန်နယ်မက်ဆီ၊ ဖရန့်ရီဘာရီနှင့် ခရစ္စတီယာနိုရိုနယ်လ်ဒိုစသည့်သုံးဦးကို ရွေးချယ်ခဲ့သည်။

အဆိုပါ ၂၀၁၃ ဖီဖာ Ballon d'Or ဆုပေးပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းဆုအတွက် ဆန်ခါတင်ရွေးချယ်ခဲ့သည့် ကစားသမားသုံးဦးအနက် ဖရန့်ရီဘာရီသည် ၂၀၁၃ ခုနှစ်အတွင်း ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်နှစ်တည်းဖလားသုံးလုံးရရှိရေးစွမ်းဆောင်ပေးခဲ့သည့်အပြင် ပြင်သစ်အသင်း ကမ္ဘာ့ဖလားဝင်ခွင့် ရရှိရေးအတွက်လည်း အကောင်းမွန်ဆုံးခြေစွမ်းပြကစားခဲ့ခြင်းတို့ကြောင့် Ballon d'Or ဆု ဆန်ခါတင် သုံးဦးစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။

ခရစ္စတီယာနိုရိုနယ်လ်ဒိုသည် ပြိုင်ပွဲအရပ်ရပ်တွင် ဂိုးသွင်းနိုင်စွမ်းရှိသည့် ကစားသမားပီပီ ပေါ်တူဂီနှင့် ဆွီဒင်ပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူပေးကာ ပေါ်တူဂီအသင်းကို ကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့ခြင်းတို့ကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး လီယွန်နယ်မက်ဆီကိုမူ ဘာစီလိုနာအသင်းအတွက် အနိုင်ဂိုးများသွင်းယူပေးခြင်း၊ ပြီးခဲ့သည့်ရာသီက လာလီဂါဖလားအပြင် စပိန်စူပါဖလားကိုပါ ရယူပေးခဲ့ခြင်းကြောင့် Ballon d'Or ဆုအတွက် ရွေးချယ်ခဲ့သည့် ဆန်ခါတင်ကစားသမားသုံးဦးစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို) မှ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ကျပ်သိန်း ၃၄၀ တန်ဖိုးရှိ မော်တော်ယာဉ်တစ်စီးကို အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဦးမောင်မောင်တို့လက်ခံကြစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဝန်ထမ်းအမြန်အလိုရှိသည်
-Nurse Incharge Day/Night ကျား/မ(၄)ဦး
နယ်မှဖြစ်ပါက အဆောင်ရှိသည်။
ရွှေပုပ္ပါးအထူးကုဆေးခန်း၊ ရန်ကင်းစင်တာဘေး၊ ဆရာစံလမ်းမကြီး၊ ရန်ကင်း၊
ဖုန်း-၀၉- ၅၁၃၃၂၃၆

ကျေးဇူးတင်လွှာ

နိုင်ငံတကာအဆင့်မီ TRISTAR TYRE နှင့် အရည်အသွေးပြည့်ဝသော အဆင့်မြင့် ပြည်တွင်းထုတ်ကုန်များ

ကုန်စည်ပြပွဲ

အား၊ ၁၈.၁၂.၂၀၁၃ ရက်နေ့မှ ၂၀.၁၂.၂၀၁၃ ရက်နေ့အထိ တပ်မတော်ခန်းမတွင်ကျင်းပပြုလုပ်ခဲ့သော ပြပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်တပ်မတော် အရာရှိကြီးများ။ ပြပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဦးဟုမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ။ ၁၉.၁၂.၂၀၁၃ ရက်နေ့ Myanmar Mobile Money ငွေကြေးဝန်ဆောင်မှုလုပ်ငန်း မိတ်ဆက်ကြော်ငြာပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဦးစီးဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဘဏ်ရောက် ငွေလွှဲလုပ်ငန်းရှင်များ၊ Myanmar Mobile Money Agent များ၊ အားပေးကူညီပေးသော သတင်းမီဒီယာများ၊ MRTV, MITV, MRTV4, MWD ရုပ်သံလိုင်းများ၊ ဂျာနယ်၊ မဂ္ဂဇင်းအဖွဲ့များ၊ Live Show ဖျော်ဖြေ ပေးခဲ့ကြသော အဆိုတော် အနုပညာရှင်များ နှင့် အဖွဲ့၊ ပွဲစီစဉ်သူများ နှင့် အဆိုတော်များ၊ အလှပြပေးကြသော HELLOW MADAM MEDIA GROUP,SUPER STAR MODEL AGENCY နှင့် FAMAR POYAZAR MODEL AGENCYတို့မှ သရုပ်ဆောင် MODEL များ၊ ရုပ်ရှင်ပညာရှင် Mr.TOP နှင့်အဖွဲ့၊ မြန်မာ့ရိုးရာအဖွဲ့၊ ကြော်ငြာ DESIGN များဖြင့် ပံ့ပိုးပေးပါသော ဦးဇော်မြင့်နှင့်အဖွဲ့၊ နေရာ Decoration ဆောင်ရွက်ပေးပါသော CRAB အဖွဲ့၊ အပြင်အဆင်၊ ဝင်ပေါက်နှင့်အခြားအခမ်းအနားများ ပြင်ဆင်ပေးပါသော ညီအစ်ကိုများအဖွဲ့၊ PYI KO PAING SOE အဖွဲ့၊ တိုင်ကီ နှင့်အဖွဲ့၊ အသံ၊ မီး၊ ဆိုင်းဘုတ်များ ပံ့ပိုးပေးပါသော ပုဂ္ဂိုလ်များ၊ မြန်မာ့ဆက်သွယ်ရေး အဆင့်မြင့်နည်းပညာ တာဝန်ရှိသူ များ၊ မြန်မာ့ရဲတပ်ဖွဲ့ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိ အရာရှိ/အမှုထမ်းများ၊ ပြပွဲနေရာ လုံခြုံရေးအတွက် တပ်မတော်မှ တာဝန်ရှိသူများနှင့် ဧည့်သည်များ၊ ကုန်စည်ပြပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး ကူညီပံ့ပိုးပေးပါသော ပုဂ္ဂိုလ်အဖွဲ့အစည်း အားလုံးနှင့် လာရောက် ကြည့်ရှုအားပေးကြပါသော ပြည်သူအပေါင်းတို့အား

အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကုန်စည်ပြပွဲ စီစဉ်သူ

ကလေးမြို့တွင်း လမ်းချိုးလမ်းခွဲများတွင် အချက်ပြဆိုလာမီးပွိုင့်တပ်ဆင်

ကလေး ဒီဇင်ဘာ ၂၀

ကလေးမြို့တွင်းသို့ သွားလာနေကြသော ပြည်သူများအတွက် ယာဉ်အန္တရာယ်ကင်းဝေးရေးကို အထောက်အကူပြုရန် မြို့တွင်းလမ်းချိုးလမ်းခွဲနေရာများတွင် အချက်ပြဆိုလာမီးပွိုင့်တပ်ဆင်ခြင်းကို ဒီဇင်ဘာ ၁၆ ရက်က ဆောင်ရွက်လျက်ရှိသည်။

ယင်းအချက်ပြမီးပွိုင့်များသည် နတ်ချောင်းလမ်းနှင့် မြန်မာ့စီးပွားရေးဘဏ်လမ်းခွဲတွင် တစ်နေရာ၊ ဘုရင့်နောင်လမ်းနှင့် အောင်ဇေယျလမ်းခွဲတွင် တစ်နေရာ၊ ကလေးဝလမ်းနှင့် ပင်လုံလမ်းမတော်လမ်းခွဲတွင် နှစ်နေရာ၊ ဗိုလ်ချုပ်လမ်းနှင့် စံပြလမ်းခွဲတွင် နှစ်နေရာ၊ ဗိုလ်ချုပ်လမ်းနှင့် စမ်းမြို့မူလတန်းကျောင်းသွားရာလမ်းခွဲတွင် တစ်နေရာ၊ ဗိုလ်ချုပ်လမ်းနှင့် နေကြာတိုက်လမ်းခွဲတွင် တစ်နေရာ၊ ဗိုလ်ချုပ်လမ်းနှင့် တောင်ဖီလာ အထက(၂)သွားရာလမ်းခွဲတွင် တစ်နေရာ၊ ဗိုလ်ချုပ်လမ်းနှင့် ဘူတာလမ်းခွဲတွင် တစ်နေရာ စုစုပေါင်း ၁၀နေရာတွင် တပ်ဆင်အသုံး ပြုပြီးဖြစ် သည်။

အဆိုပါ အချက်ပြဆိုလာမီးပွိုင့်တပ်ဆင်ခြင်းလုပ်ငန်းကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက တာဝန်ယူဆောင်ရွက်ပြီး အချက်ပြဆိုလာမီးပွိုင့်တစ်ခုလျှင် ကျပ် သုံးသိန်းကုန်ကျကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အင ထောက်အကူပြုကော်မတီဝင် ဦးအေးချိုထံမှ သိရသည်။ **(ဂျိုးနက်)**

ခရမ်းမြို့၌ ဒစ်ဂျစ်တယ်မီတာများ တပ်ဆင်

ခရမ်း ဒီဇင်ဘာ ၂၀

ရန်ကုန်(တောင်ပိုင်းခရိုင်) ခရမ်းမြို့တွင် မြို့တော်အင်္ဂါရပ်နှင့်အညီ ခေတ်မီသေသပ်လှပသည့် ဒစ်ဂျစ်တယ် မီတာများကိုလျှပ်စစ်ဓာတ်အားသုံးစွဲသူ အများပြည်သူများ ကုန်ကျမှုမရှိစေဘဲ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်း၊ လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်နိုင်အုန်းနှင့် ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ပိတ်ရက်မရှိ နားရက်မယူဘဲ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်အတွင်း နေ့စဉ် တပ်ဆင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ အလုံးရေ ၂၅၀၀ ကျော်အား ရိုးရိုးမီတာများမှ အဆင့်မြင့် ဒစ်ဂျစ်တယ်မီတာများအဖြစ် ပြောင်းလဲတပ်ဆင်ပေးခဲ့ပြီး ကျန်မီတာများကိုလည်း ဆက်လက်တပ်ဆင်ပေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ ရိုးရိုးမီတာများမှ ခေတ်စနစ်နှင့်အညီ ဒစ်ဂျစ်တယ်မီတာများ တပ်ဆင်ပေးမှုကြောင့် လျှပ်စစ်ဓာတ်အား ယူနစ်လျော့နည်းပျောက်ဆုံးမှုများ မဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

ပထမဦးဆုံးအကြိမ် အသက်မွေးပညာသိပ္ပံအထည်အလိပ်အတတ်ပညာဒီပလိုမာသင်တန်းဖွင့်

အမရပူရ ဒီဇင်ဘာ ၂၀

အမရပူရမြို့နယ် သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါးရက်ကန်းကျောင်းနှင့် အသက်မွေးပညာသိပ္ပံ အထည်အလိပ်အတတ်ပညာဒီပလိုမာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေက ယခုဖွင့်လှစ်သော သင်တန်းသည် ပထမဦးဆုံးအကြိမ် ဒီပလိုမာသင်တန်းဖြစ်ကြောင်းနှင့် သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က သင်တန်း၏ ရည်ရွယ်ချက်နှင့် သင်တန်းနည်းစနစ်များကို ရှင်းလင်းပြောကြား၍ သင်တန်းကာလတွင် စာတွေ့လက်တွေ့သင်ကြားခြင်းတို့ကို ပို့ချသွားမည်ဖြစ်ကာ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းကာလတွင် တစ်ဦးလျှင် တစ်လ ၁၈၀၀၀ ကျပ်နှုန်းထောက်ပံ့၍ သင်တန်းသား သင်တန်းသူ ၃၄ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်(မုံရွာ)**

(၁၅)နှစ်ပြည့်အထိမ်းအမှတ် စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုဒ်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဓမ္မာရုံတွင် စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) အမှတ်စဉ်(၁၆)၏ ၇-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၁၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများစုပေါင်းကာ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉နာရီခွဲတွင် မြန်မာနိုင်ငံအထွေထွေ အုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် စီမံ-၁ အမှတ်စဉ်(၁၆) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုယ်စား ရွှေပြည်သာမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းငွေနှင့်အဖွဲ့များက မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌဦးကျော်(ညွှန်ကြားရေးမှူး-ငြိမ်း)အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

စစ်ကိုင်းမြို့နယ်တွင် Set Top Box များ အခမဲ့ဖြန့်ဝေ

စစ်ကိုင်း ဒီဇင်ဘာ ၂၀

ပြည်သူများအား မိမိနိုင်ငံနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော ကဏ္ဍအသီးသီးနှင့်စပ်လျဉ်း၍ အမှားအမှန်အကောင်းအဆိုး အကြောင်းအကျိုးကို ခွဲခြားသိမြင်၍ မှန်ကန်သော အတွေးအခေါ်၊ အယူအဆ၊ အသိပညာဉာဏ်ကို ရင့်ကျက်စေရန်အတွက် ဒီမိုကရေစနစ်သို့ ကူးပြောင်းရာတွင် ပြည်သူတစ်ရပ်လုံး အသိပညာရှိမှုတူညီစွာရရှိနေပြီး ပြိုင်တူရွေ့လျားမှ စစ်မှန်သော ဒီမိုကရေစီလမ်းကြောင်းကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် နိုင်ငံတော်၏အစီအစဉ်ဖြင့် Set Top Box များကို ဒီဇင်ဘာ ၁၀ ရက်မှ စတင်၍ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စစ်ကိုင်းမြို့နယ်အတွက် ၂၆၀ လုံး၊ မြင်းမူမြို့နယ်အတွက် ၁၂၀ လုံးနှင့် မြောင်မြို့နယ်အတွက် ၁၂၀ လုံး စုစုပေါင်း အလုံး ၅၀၀ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ကျေးလက်ဒေသ မီးလင်းရေးအစီအစဉ်နှင့်ဆက်စပ်၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ဖြင့် နိုင်ငံတော်က ယခုကဲ့သို့ Set Top Box များ ဖြန့်ဝေပေးသည့်အစီအစဉ်သည် လူမှုအဆင့် Eအဆင့် မိသားစုများ၊ စီးပွားဖြစ်မဟုတ်သော ဆေးရုံ၊ ဆေးခန်း၊ စီးပွားဖြစ်မဟုတ်သော စာသင်ကျောင်းများ၊ မိဘမဲ့၊ ဘိုးဘွားရိပ်သာ၊ မသန်စွမ်းကျောင်းများ၊ သိပ္ပံတက္ကသိုလ်များနှင့် သာရေး နာရေးအသင်းများ၊ ကျေးရွာစာကြည့်တိုက်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ စစ်ကိုင်းမြို့နယ်အနေဖြင့် တက္ကသိုလ် ငါးခု သို့ ငါးလုံး၊ ကောလိပ်တစ်လုံး၊ လူမှုရေး လေးလုံး၊ စာကြည့်တိုက်များ ကိုးလုံး၊ ခရိုင်ပြန်ဆက်တစ်လုံး၊ မြို့ပေါ်ရှိ (၁၈)ရပ်ကွက် ၁၄၄ လုံး၊ ကျေးရွာပြည်သူ ၈၄ လုံး၊ အထကများနှင့် အထက(ခွဲ)တစ်လုံးစီ၊ အထွေထွေအုပ်ချုပ်ရေး ခရိုင်/မြို့နယ်ရုံး နှစ်လုံး စုစုပေါင်း ၂၆၀ လုံးကို အခမဲ့ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရ၍ ထပ်မံရောက်ရှိလာမည့် Set Top Box များကိုလည်း အခမဲ့ဝေငှပေးမည်ဖြစ်ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

အစိုးရ/စီးပွားရေးကြော်ငြာ

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လေအေးပေးစက်များ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်)ရှိ လေအေးပေးစက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Studio Complex ရှိ လေအေးပေးစက်များ
(ခ) Radio Transmitter Complex ရှိ လေအေးပေးစက်များ
(ဂ) Padauk Myay Transmitter Complex ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ရက်မှ ၂၁-၁၂-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

စီးပွားဖြစ်မှိုမျိုးစုံစိုက်ပျိုးရေး(၇)ရက် ရက်တိုသင်တန်း

၁။ သင်တန်းဖွင့်မည့်ရက်များ
(က) အမှတ်စဉ် ၁/၂၀၁၄(၆-၁-၂၀၁၄)မှ(၁၃-၁-၂၀၁၄)ထိ
၂။ သင်တန်းကြေး(၃၅၀၀၀)ကျပ်
၃။ သင်တန်းသား/သူ(၂၅)ဦးသာလက်ခံပါမည်။
၄။ သင်တန်းပို့ချမည့်ဘာသာရပ်များ
(က) မှိုအမျိုးမျိုးမွေးမြူစိုက်ပျိုးနည်း

တိုင်းဦးစီးမှူးရုံး
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၂၀၀၈၂၂၀၀၊ ၀၉-၅၃၆၀၁၀၅၊ ၀၉-၄၂၁၀၅၁၅၇၉
လမ်းညွှန်-မင်္ဂလာဒုံကားစီး၍ အေဝမ်းမှတ်တိုင်တွင်ဆင်းပါ။

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား CIF (Yangon)နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for Double Cab (Grand Tiger) (BQ 2023 Q1)	1Lot	05/No(1)HIE/2013-2014/CP

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊တင်ဒါစည်းကမ်းချက်များ၊ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၂၃-၁၂-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါများနောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၆-၁-၂၀၁၄ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊နေပြည်တော်
ဖုန်း ၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

သဃ်န်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ တိုက်(A-7)၊ အခန်း(၂၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးသိန်းထွန်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးထွန်းထွန်းဦးမှ ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
နိုင်ငံခြားဘာသာစကားသင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ပြင်သစ်(ဘာသာပြန်၊ စကားပြန်)၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်းနှင့်မြန်မာ(နိုင်ငံခြားသားများအတွက် သီးသန့်) ညနေသင်တန်းများ ဖွင့်လှစ် မည်ဖြစ်ပါသည်။

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	- ၃၀-၁၂-၂၀၁၃
လျှောက်လွှာစတင်လက်ခံမည့်ရက်	- ၂၄-၁၂-၂၀၁၃
လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်	- ၂၇-၁၂-၂၀၁၃
အင်္ဂလိပ်ဘာသာအတွက်	- သတ်မှတ်ထားသည့် သင်တန်းသားဦးရေပြည့်သည့်ရက်
လျှောက်လွှာလက်ခံမည့်နေရာ	- ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
သင်တန်းပို့ချမည့်နေ့ရက်	- တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ
သင်တန်းပို့ချမည့်အချိန်	- ညနေ ၅း၂၀-၇း၀၀နာရီ
ပညာအရည်အချင်း	- တက္ကသိုလ်ဝင်စားမေးပွဲအောင်
တင်ပြရန်စာရွက်စာတမ်းများ	- တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူ(သို့မဟုတ်) အမှတ်စာရင်းမူရင်းနှင့်မိတ္တူ(သို့မဟုတ်) ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူဓာတ်ပုံ(၃)ပုံ
စုံစမ်းရန်ဌာန	- ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၅၁၄၃၇၂-လိုင်းခွဲ(*၈၀၉)

သင်တန်းတက်ရောက်မည့်သူကိုယ်တိုင် လျှောက်လွှာလာရောက်တင်သွင်းရမည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ မြေကွက်အမှတ် ၁၆၆/၂၊ မြေကွက်တည်နေရာအမှတ် (၁၆၆/၂)၊ ရွှေပြည်စိုးလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးဟန်ညွှန့်ဒေါ်စန်းမြင့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးဟန်ညွှန့်-ဒေါ်စန်းမြင့်ထံမှကိုယ်စားလှယ် လွှဲစာအမှတ်-၃၇၇(၁၃. ၁. ၀၃)ဖြင့် လွှဲအပ်ခံရသူ အထူးကိုယ်စားလှယ် ဒေါ်သန်းသန်းဝင်း [၁၂/ကမရ(နိုင်)၀၄၄၈၆၇]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုတ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၃၄၁(၂၈. ၈. ၁၃)ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



ဒဂုံမြို့သစ်(အရှေ့ပိုင်း) သန့်ရှင်းရေးလုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာမြတ်မွန်အေး၏စီစဉ်မှုဖြင့် မြို့တော်သန့်ရှင်းရေးအတွက် စွန့်ပစ်အမှိုက်များအား နေ့စဉ်သိမ်းဆည်းရှင်းလင်းဆောင်ရွက်နေသော သန့်ရှင်းရေးလုပ်သားများရောဂါဘယမဖြစ်ပွားစေရန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း ဒီဇင်ဘာ ၁၆ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေသည့် စည်ပင်သာယာကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နေပူမရှောင် မိုးရွာမရှောင် အမှိုက်တွေကိုနေ့စဉ် သိမ်းဆည်းရှင်းလင်းနေရတော့ တစ်ခါတစ်ရံမှာ နှာစေး၊ချောင်းဆိုး၊ ဖျားနာမှုတွေ ရှိပါတယ်။ အခုလိုဌာနက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးတော့ အပြင်ဆေးခန်း သွားပြစရာ မလိုတော့ဘူး။ ငွေလည်း မကုန်တော့ဘူးပေါ့"ဟု သန့်ရှင်းရေးလုပ်သားတစ်ဦးက ပြောကြားသည်။

ယင်းလုပ်ငန်းကိုစည်ပင်သာယာ ကျန်းမာရေးဌာန ဒုတိယဌာနမှူး ဒေါက်တာဒေါ်အေးအေးရီ ဦးဆောင်သောအဖွဲ့က သန့်ရှင်းရေးလုပ်သားများ လုပ်သားလိုင်းခန်းနေ ယင်းတို့၏မိသားစုဝင်များ၊ အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများ ဝန်ထမ်းလိုင်းခန်းမှ မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ မြို့နယ်ကျန်းမာရေးတာဝန်ခံ ဒေါ်အေးအေးခိုင်နှင့်ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်သည် ၃၅ ဒသမ ၁၄၈ စတုရန်းမိုင်ကျယ်ဝန်းပြီးရပ်ကွက်ကြီး ၅၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ စုဖွဲ့ထားသော မြို့နယ်ဖြစ်သည်။ ဒေသတွင်းနေထိုင်သူများ အမှိုက်စွန့်ပစ်ရန် အမှိုက်ပုံး ၃၂ ပုံးကို ဖြန့်ကျက်ပေးထားပြီး သန့်ရှင်းရေးလုပ်သားအင်အား ၆၀ဖြင့် နေ့စဉ်အမှိုက် ၁၂ ကန်ခန့်ကို သိမ်းဆည်းရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

(မောင်သုည)

ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲတွင် ထရန်စဖော်မာကေဘယ်ကြိုးများ လဲလှယ်

ကျောက်တန်း ဒီဇင်ဘာ ၂၀

ရန်ကုန်(တောင်ပိုင်းခရိုင်)ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သီဟနှင့် လိုင်းဝန်ထမ်းများသည် မီးသုံးသူပြည်သူများ ဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယူနစ်ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် တံတားမြို့အမှတ်(၃)ရပ်ကွက် 11/0.4 KV, 150 KVA(တံတားတောင်) ထရန်စဖော်မာ ကေဘယ်ကြိုးအသေး(အဟောင်း)များအား 4C ×120mm² ကေဘယ်အသစ်ဖြင့် လဲလှယ်ပေးခဲ့သည်။ အမှတ်(၁)ရပ်ကွက်ရှိ (တံတားမြောက်) ထရန်စဖော်မာ 11/0.4 KV, 315 KVA မှ ကေဘယ်ကြိုးများကိုလည်း ဆက်လက်၍ လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၈၉)

ပေါက်ခေါင်းမြို့ မြို့မစာကြည့်တိုက် နှစ်ပတ်လည်နေ့ကျင်းပ

ပေါက်ခေါင်း ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် "မြို့မစာကြည့်တိုက်"၏ အဌမအကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက မြို့မစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်က အမှာစကားပြောကြားပြီး စာကြည့်တိုက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူများအား အလှူရှင် အသီးသီးက ဆုများချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်မြို့နေ ဦးစံလင်း (စာရေးဆရာတွန်းအားရှင်) ဇနီး ဒေါ်မနီချေတို့က ငွေကျပ် ၁၅၁၅၁၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၇၃ အုပ်နှင့် ဂျာနယ်စာစောင် ၁၆၀ တို့ကို လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးရဲလေးက လက်ခံရယူကြောင်း သိရသည်။

(စံလင်း)

စက်သုံးဆီဆိုင်တွင် ဆီထုတ်ယူရန် မော်တော်ဆိုင်ကယ်များ တန်းစီနေရ

မိတ္ထီလာ ဒီဇင်ဘာ ၂၀

နိုင်ငံတော်မှ စက်သုံးဆီများကို လွတ်လပ်စွာဝယ်ယူရောင်းချနိုင်ရေးအတွက် ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဖွင့်လှစ်ခွင့်ပေးလျက်ရှိရာ မြို့နယ်တိုင်းတွင် စက်သုံးဆီဆိုင်များ အပြိုင်အဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိသော်လည်း သာစည်မြို့ ကောင်းဇော်ဟိန်း စက်သုံးဆီဆိုင်တွင် မော်တော်ဆိုင်ကယ်များတန်းစီ၍ ဓာတ်ဆီထုတ်ယူနေရကြောင်း သိရသည်။

သာစည်မြို့တွင် စက်သုံးဆီဆိုင်များ အပြိုင်အဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော်လည်း ကောင်းဇော်ဟိန်းစက်သုံးဆီဆိုင်တွင် မော်တော်ဆိုင်ကယ်များ တန်းစီ၍ ဓာတ်ဆီကို အလုအယက်ထုတ်ယူနေကြပါတယ်။ ကောင်းဇော်ဟိန်းစက်သုံးဆီဆိုင်က ဓာတ်ဆီသည် ဆိုင်ကယ်စီးရာမှာ အစီးခံတယ်၊ ဆီကုန်သက်သာတယ်ဆိုပြီး ဆီထုတ်ယူသူတွေ များပြားနေတာပါ။ ၎င်းဆီဆိုင်မှ ဓာတ်ဆီကို လစဉ်လဆန်း ၁၀ ရက်မှ ၂၀ ရက်ကြား နံနက် ၈ နာရီမှ ၁၁နာရီအတွင်း ရောင်းချပေးပါတယ်။ မော်တော်ဆိုင်ကယ်တစ်စီးလျှင် တစ်ခါထုတ်ယူပါက ၂၀၀၀ ဖိုးသာ ရောင်းချပြီး တစ်ကြိမ်မက ထုတ်ယူခွင့် ပေးထားပါတယ်။ ၎င်းစက်သုံးဆီဆိုင်တွင် ဓာတ်ဆီထုတ်ယူနေသူများမှာ တစ်ဆင့်ပြန်လည်ရောင်းချရန်အတွက် သူ့ထက်ငါ ဓာတ်ဆီပိုမိုထုတ်ယူရရှိရေးအတွက် အလုအယက် ထုတ်ယူနေကြတာပါ။ ဆိုင်ကယ်စီးဖို့အတွက်ပဲ ထုတ်ယူသူကနည်းပါတယ်။ ပြန်လည်ရောင်းချရန်အတွက် ဆိုင်ကယ်ဖြင့် တစ်ခါထုတ် ၂၀၀၀ဖိုး တစ်မနက် ခေါက်တုံ့ခေါက်ပြန်ထုတ်ယူပါက တစ်မနက်လျှင် ၁၅ ခေါက်လောက် ထုတ်ယူရတော့ ၃၀၀၀၀ ဖိုးရင်းရပါတယ်။ တစ်ဆင့်ပြန်လည်ရောင်းချတဲ့အခါ ၃၀၀၀၀ ရင်းရင် ၄၅၀၀၀မှ ၅၀၀၀၀ ကြားရကြပါတယ်၊ တစ်မနက် တန်းစီပြီး ဓာတ်ဆီထုတ်ယူပြီးပြန်ရောင်းတာ ၁၅၀၀၀မှ ၂၀၀၀၀ကြား အမြတ်ရတော့ တစ်ဆင့်ပြန်လည်ရောင်းချရန် ထုတ်ယူသူတွေများပြားနေတာပါ။ တကယ်စီးဖို့ပဲ ထုတ်တဲ့သူတွေအတွက်တော့ တန်းစီရတာ အချိန်ကုန်ပါတယ်။ ရောင်းချပေးတာလည်း အချိန်အကန့်အသတ်နဲ့ဆိုတော့ ဝယ်ယူရတာ အဆင်မပြေကြပါဘူး။ တစ်ဆင့်ပြန်လည်ရောင်းချရန် ထုတ်ယူသူနှင့် စီးဖို့အတွက်ပဲ ထုတ်ယူသူတွေကို ခွဲခြားပြီးအဆင်ပြေအောင် ရောင်းချပေးရန် ဒေသခံပြည်သူများမှ လိုလားလျက်ရှိကြောင်း သာစည်မြို့နေ ဒေသခံတစ်ဦးမှ ပြောကြားသည်။ **မျိုးမင်း(သာစည်)**

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

အစိုးရ/စီးပွားရေးကြော်ငြာ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ ခုနှစ်၊ ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်ရေးလုပ်ငန်းသည် လစဉ် တန်ဖိုးနည်း မိုဘိုင်းဖုန်း သုံးသိန်းငါးသောင်းစီကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများအလွယ်တကူ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ရောင်းချပြီးသော တန်းဖိုးနည်း မိုဘိုင်းဖုန်း (၂. ၈၄) သန်း အပါအဝင် စုစု ပေါင်း မိုဘိုင်းဖုန်း (၆. ၆၄) သန်းကျော် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း (၈. ၇) သန်းကျော်အား အချိုးချတွက်ကြည့်မည်ဆိုပါလျှင် အိမ်ထောင်စု (၁. ၃၁) စုလျှင် မိုဘိုင်းဖုန်း (၁)လုံး နှုန်းရရှိသွားနိုင်မည်ဖြစ်သော်လည်း၊ လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်း ဖုန်းသုံးစွဲရန် လိုအပ်နေ သေးကြောင်း စိစစ်တွေ့ရှိနေရပါသဖြင့် အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်း ပိုမို သုံးစွဲခွင့် ရရှိရေးကိုလည်း ဆက်လက် ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တယ်လီဖုန်း ခေါ်ဆိုခ ၃၀၀ ကျပ် ကြိုတင်ပေးသွင်းထားသော GSM/WCDMA မိုဘိုင်းဖုန်း (၃၆၀၀၀၀) ကို SIM Card တစ်ခုအတွက် ၁၅၀၀ ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် မိုဘိုင်းဖုန်းများကို ဆက်လက် ဖြန့်ဖြူးရောင်းချရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိတပ်ဆင်ပေးထားသော လိုင်းအင်အားနှင့် အမှန်တကယ် သုံးစွဲနေသော အခြေအနေများအပေါ် မူတည်၍ ပြည်သူများအဆင်ပြေ ချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီး ပေးရန်လျာထားတွက်ချက်ထားပါသည်။

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	GSM မိုဘိုင်းဖုန်းလိုင်း	WCDMA မိုဘိုင်းဖုန်းလိုင်း	စုစုပေါင်း
၁။	နေပြည်တော်ကောင်စီနယ်မြေ	၁၄၀၀၀	၁၂၀၀၀	၂၆၀၀၀
၂။	ကချင်ပြည်နယ်	၃၀၀၀	၅၀၀	၃၅၀၀
၃။	ကယားပြည်နယ်	-	၅၀၀	၅၀၀
၄။	ကရင်ပြည်နယ်	၆၀၀၀	၁၀၀၀	၇၀၀၀
၅။	ချင်းပြည်နယ်	၅၀၀	၅၀၀	၁၀၀၀
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၁၃၀၀၀	၂၀၀၀	၁၅၀၀၀
၇။	တနင်္သာရီတိုင်းဒေသကြီး	၈၀၀၀	၂၀၀၀	၁၀၀၀၀
၈။	ပဲခူးတိုင်းဒေသကြီး (အရှေ့)	၁၃၀၀၀	၃၀၀၀	၁၆၀၀၀
၉။	ပဲခူးတိုင်းဒေသကြီး (အနောက်)	၁၄၀၀၀	၃၀၀၀	၁၇၀၀၀
၁၀။	မကွေးတိုင်းဒေသကြီး	၂၇၀၀၀	၃၀၀၀	၃၀၀၀၀
၁၁။	မန္တလေးတိုင်းဒေသကြီး	၂၇၀၀၀	၂၃၀၀၀	၅၀၀၀၀
၁၂။	မွန်ပြည်နယ်	၂၁၀၀၀	၃၀၀၀	၂၄၀၀၀
၁၃။	ရခိုင်ပြည်နယ်	၁၃၀၀၀	၂၀၀၀	၁၅၀၀၀
၁၄။	ရန်ကုန်တိုင်းဒေသကြီး	၅၀၀၀၀	၄၃၀၀၀	၉၃၀၀၀
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၆၀၀၀	၂၀၀၀	၈၀၀၀
၁၆။	ရှမ်းပြည်နယ် (အရှေ့ပိုင်း)	၅၀၀၀	၁၀၀၀	၆၀၀၀
၁၇။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၈၀၀၀	၂၀၀၀	၁၀၀၀၀
၁၈။	ဧရာဝတီတိုင်းဒေသကြီး	၂၆၀၀၀	၂၀၀၀	၂၈၀၀၀
	စုစုပေါင်း	**၂၅၄၅၀၀**	**၁၀၅၅၀၀**	**၃၆၀၀၀၀**

၄။ ပြည်သူများသက်သာသော နှုန်းထားဖြင့် အမှန်တကယ် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကဒ်ဝယ်ယူထားသည့်နေ့မှစ၍ (၁၅) ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလ ထည့်သွင်းပေးထားသည့် တယ်လီဖုန်း ခေါ်ဆိုခ ၃၀၀ ကျပ် မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ၅၀၀၀ ကျပ်တန် ကြိုတင်ငွေဖြည့်ကဒ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှ ကာကွယ်ရန်အတွက် ၁၅ ရက် အတွင်း အသုံးပြုခြင်း မရှိပါက အဆိုပါ ဖုန်းကဒ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါသည်။
၅။ ၄င်းတန်ဖိုးနည်း မိုဘိုင်းဖုန်းများသည် လစဉ် ကြိုတင်ငွေ ဖြည့်ကဒ်ဖြင့် ပြောဆိုခ ကျပ် ၂၅၀၀ ကို အနည်းဆုံး သုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကဒ်မှ ၅၀၀၀ ကျပ်ကို အပြည့်မသုံးစွဲပါက ကျပ် ၅၀၀၀ ပြည့်သည်အထိ အလိုအလျောက် ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသော ငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံ၍ ငွေဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကဒ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

LAMAI Condo (ငှားမည်)
၂၈ ပေ×၅၈ပေ(၁၆၂၄-sqft)
ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊
အိပ်ခန်း(၃)ခန်း၊ Air-Con(4)လုံး၊
US-2500$၊ အမှတ်(၉၉)၊ အခန်း(ဒီ)၊
(၈)လွှာ၊ မြေနုလမ်း၊ စမ်းချောင်း။
ဖုန်း-၀၉-၅၀၂၂၄၁၀
"ပွဲစားမလို"

မြို့လယ်တိုက်ခန်းကျယ်ငှားရန်ရှိသည်
ဗိုလ်အောင်ကျော်လမ်း တတိယထပ်ရှိ ပေ(၂၅×၆၀)အခန်း၊ Air con (၁)လုံး၊ လိုင်းဖုန်း(၁)လုံး၊ မီတာ(၂)လုံး၊ ကိုယ်ပိုင်မော်တာ၊ အိပ်ခန်း(၃)ခန်း၊ ရုံးခန်းဖွင့်ရန် သင့်လျော်သည်။
ဆက်သွယ်ရန်ဖုန်း- 09-420005180၊ 09-250506984

ဇီးကုန်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြပွဲကျင်းပ

ပဲခူး ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ တိုင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးမြင့်ဝေ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒု-ဦးစီးမှူး ဦးဝင်းမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးအထောက်အကူပြု ဥက္ကဋ္ဌ ဦးကျော်မိုးဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။ **(ဝ၇၁)**

မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေး

ပဲခူး ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း မြလင်းရတနာကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပကြောင်း သိရသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး ဒုဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည် (စာရေးဆရာမ ဝတ်ရည်ခင်-ပဲခူး) က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးတင်အေး (ရဲမှူး-ငြိမ်း)က မူးယစ်ဆေးဝါး ဖြစ်ပေါ်လာပုံ၊ မူးယစ်ဆေးဝါးမြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခြင်းအကြောင်း၊ ဥပဒေပုဒ်မများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဇော်ရှင်းနှင့် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးရဲလွင်တို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်စန်းစန်းဝေမှ တံလျှပ်ဂျာနယ်များနှင့် ဗီနိုင်းများအား ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိုးအား ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA)မှ အသင်းသူ၊အသင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **မိုးဝင်းသူ(ပဲခူး)**

အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင်မိုးစပါးများရိတ်သိမ်း

ဆိပ်ဖြူ ဒီဇင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝအုပ်စု အောက်ဆိပ်ကျေးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် တောင်သူများ စိုက်ပျိုးထားသည့် မိုးစပါး အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ၂၀၁၃-၂၀၁၄ စပါးစိုက်ဧက ၄၅၇ဧကကို လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့သည်။

အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဒီဇယ်စက်ဖြင့် မြစ်ရေတင်စီမံကိန်း စပါးစိုက်ဧက ၁၀၀ ဖြင့် လုပ်ငန်းစတင်ခဲ့ပြီး ၂၀၀၈-၂၀၀၉ နွေရာသီတွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် ပြောင်းလဲရေပေးဝေခဲ့သည်။ ရေဖိုးနှုန်း မိုးရာသီအတွက် ကျပ် ၆၀၀၀၊ နွေရာသီအတွက် ကျပ် ၉၀၀၀ နှုန်းတို့ဖြင့် သတ်မှတ်ပေးထားသည်။ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်တွင် မနော်သုခ၊ ပုလဲသွယ်၊ ရွှေသွယ်ရင်၊ ဆင်းသုခနှင့်ရွှေပြည်ငွေး စပါးမျိုးများကို စိုက်ပျိုးထားကြောင်း တွေ့ရှိရသည်။ ကွင်းအမှတ်-၁၁၂၂၊ မြင်ကဝ စပါးစိုက်တောင်သူဦးမြသိန်း၏စပါးခင်းသိမ်းလျက်ရှိပြီး မိုးစပါးတစ်ဧကလျှင် ၇၅ တင်းနှုန်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ စိုက်ပျိုးမှုနည်းပညာများနှင့် ရောဂါကာကွယ်ရေးများကို မြို့နယ်စိုက်ပျိုးရေးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

ပင်ထောင်ခရမ်းချဉ်သီးများဈေးနှုန်းမြင့်မား

၂၀၁၃ခုနှစ် အောက်တိုဘာလမတိုင်မီက စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်အတွင်းရှိ ထန်းတပင်(ဇီးကုန်း)ဈေး၊ ထန်းကုန်းဈေး၊ ကန့်ဘလူဈေး၊ ကာဘိုးဈေး စသည်တို့မှာ ပင်ထောင်ခရမ်းချဉ်သီးဈေး တစ်ပိဿာလျှင် ကျပ် ၃၀၀ ၊ ၄၀၀၊ ၅၀၀ ဝန်းကျင်သာရှိပါသည်။ ထို့ထက်ဈေးနှုန်းမမြင့်တက်၊ လျော့ကျမည်သာဖြစ်ပါသည်။

သို့သော်၂၀၁၃ခုနှစ် အောက်တိုဘာလဆန်းပိုင်းမှစ၍ လကုန်နီးပါးအထိ မိုးမှာ အဆက်မပြတ်ရွာသွန်းခဲ့ရာ၊ ပင်ထောင်ခရမ်းချဉ် စိုက်ပျိုးသူတို့မှာ ခရမ်းချဉ်သီးများကွဲအက်ကာ ပျက်စီးဆုံးရှုံးမှုဖြစ်ကုန်ခဲ့ကြသည်။ မိုးပြင်းရိုက်၍ အပင်များအောက်ခြေ ရေများဝပ်ကာ အပင်များ သေဆုံးရသည်အထိ ဆိုးရွားခဲ့ပါသည်။

အပင်မသေဘဲ အသီးကင်းများ ကျန်ရှိနေမှုကြောင့် မပျက်စီးဘဲ ကျန်ရှိခဲ့သည့် ခရမ်းချဉ်သီးများ ရောင်းချနိုင်ခဲ့ကြပါသည်။ ဈေးနှုန်းမှာ တစ်ပိဿာလျှင် အနည်းဆုံး ကျပ် ၁၀၀၀ အများဆုံး ကျပ် ၁၂၀၀အထိ မြင့်မားသွားခဲ့ပါသည်။ ပင်ထောင်ခရမ်းချဉ်သီးများ ဈေးနှုန်းမြင့်မားသွားခဲ့၍ ဝယ်ယူစားသုံးသူများ လိုင်လိုင်ကြီး မသုံးနိုင်တော့ဘဲ ချွေချွေတာတာဖြင့် ဝယ်ယူသုံးစွဲနေကြရကြောင်း သိရသည်။

"ခရမ်းချဉ်သီးဈေးနှုန်းက အဆမတန်မြင့်မား၊ ဝယ်ယူစားသုံးမှုမပြုဘဲ နေလို့ကလည်းမရနဲ့ ခက်ပါတယ်၊ ဆောင်းရာသီတော့ ခရမ်းချဉ်သီးသာ အမြန်ဆုံးပေါ်ပါစေလို့ ဆုတောင်းနေရတော့မှာပဲ"ဟု ခရမ်းချဉ်သီး မသုံးလျှင်မဖြစ်သောထမင်းဆိုင်ရှင် အမျိုးသမီးကြီးတစ်ဦး၏ ညည်းညူ စိတ်ပျက်စွာ ပြောလိုက်သောစကားပင်ဖြစ်လေသည်။

အမှန်တကယ်တွင် ထမင်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အသုပ်ဆိုင်များမှာ ခရမ်းချဉ်သီးသည် မသုံးလျှင်မဖြစ်သော ရောင်းကုန်တစ်ရပ်ဖြစ်ရာ ဆောင်းရာသီ၊ တောခရမ်းချဉ်သီးများ အမြန်ဆုံးထွက်ရှိပါစေဟုသာ အားလုံးရဲ့ကိုယ်စား ဆုတောင်းရေးသားလိုက်ရပါသည်။

ကန့်ဘလူ ကံတင်အောင်(ပထဝီဝင်)

လူမှုရေး/စီးပွားရေးကြော်ငြာ

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

KBZ Bank(Account No.00730200701690301)

1994-1995 ခုနှစ် စီးပွားရေးတက္ကသိုလ်
ဘွဲ့ရကျောင်းသား/ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) 1994-1995 ခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား/ကျောင်းသူများ၏ မိတ်ဆုံညစာစားပွဲကို Dolphin Restaurant (ကန်တော်ကြီး) ရန်ကုန်မြို့၌ 11-1-2014 ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲတွင် မိမိတို့စာသင်နှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော နည်းပြမှအစပြု၍ ပါမောက္ခချုပ် ဆရာကြီး၊ ဆရာမကြီးများအထိ၊ သက်ရှိထင်ရှား ဆရာကြီး၊ ဆရာမကြီး (170) ဦးခန့်ကို ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။

သူငယ်ချင်းများအနေနှင့် ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ရင်း၊ ဝေးကွာနေသောသူငယ်ချင်းဟောင်းများ ပြန်လည်ဆုံတွေ့ကြရန်အတွက် (၂) နှစ်တစ်ခါကျင်းပသော အာစရိယပူဇော်ပွဲကြီးကို (မပျက်မကွက်) တက်ရောက်၍ ပါဝင်ဆင်နွဲကြရန် နှိုးဆော်အပ်ပါသည်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးပွဲများကို အပတ်စဉ် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးတက္ကသိုလ်(ကမာရွတ်)၊ အခန်း (၈)၌ ကျင်းပသွားမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်ပြီး တာဝန်ခွဲယူ ကူညီဆောင်ရွက်ကြရန်နှင့် ဝင်ရောက်ဆွေးနွေး အကြံပြုပေးကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ
1994-1995 ခုနှစ်၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ

၁၉၇၃-၇၉ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား/ကျောင်းသူများ၏ ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၃-၇၉ ခုနှစ်၊ ဗိသုကာနှင့်အင်ဂျင်နီယာ သာဘာရပ်ပေါင်းစုံ ကျောင်းသား၊ ကျောင်းသူများ၏ ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ ကျောင်းပြီးသည်ဖြစ်စေ၊ ကျောင်းမပြီးသည်ဖြစ်စေ ၁၉၇၃ ခုနှစ်တွင် ကျောင်းအတူဝင်ခဲ့သူများ၊ ၇၃-၇၉ Batchနှင့် အတန်းတူ တက်ခဲ့သူများနှင့် မည်သည့်ခုနှစ်တွင် ကျောင်းဝင်ခဲ့သည်ဖြစ်စေ ၁၉၇၉ ခုနှစ်တွင် ကျောင်းအတူပြီးခဲ့သူ သူငယ်ချင်းများအားလုံး တက်ရောက်ပါရန် ခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်အချိန် - ၂၈-၁၂-၂၀၁၃ရက် (စနေနေ့) ၁၇:၀၀ နာရီ
နေရာ - ပန်ဒါဟိုတယ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်။

ဆက်သွယ်/လှူဒါန်းရန်-

		မောင်မောင်အုန်းMn	ဖုန်း-၀၉-၅၀၆၂၆၅၄
ပြုံးပြုံးဦးCivil	ဖုန်း-၀၉-၇၃၀၁၈၈၁၁၊ ၀၁-၅၆၂၈၅၃	ကြည်ကြည်ဝင်းEP	ဖုန်း-၀၁-၅၇၃၈၃၉၊ ၀၉-၈၇၀၂၂၆၃
ခိုင်ခိုင်Civil	ဖုန်း-၀၉၄၂၀၁၈၂၈၃၈	မောင်မောင်ဟန်Ec	ဖုန်း-၀၉-၅၀၀၄၄၇၃
ခင်မောင်မြင့်Mn	ဖုန်း-၀၉-၅၁၀၄၉၂၈	သက်နိုင်Mech	ဖုန်း-၀၉-၄၅၀၀၄၆၇၅၈
ညွန့်ညွန့်ဆွေCivil	ဖုန်း-၀၉-၃၁၀၆၈၃၈၄	ဝင်းနိုင်(မန္တလေး)Ec	ဖုန်း-၀၉-၂၀၀၅၃၃၄
ခင်မောင်သန်းCivil	ဖုန်း-၀၉-၈၃၀၁၂၆၆၊ ၀၉-၅၀၃၀၇၀၅	ခင်သန်းဝင်းCivil	ဖုန်း-၀၉-၈၃၀၃၈၀၀
အောင်မြင့်Civil	ဖုန်း-၀၉-၅၁၄၆၆၂၄	ခင်မောင်တင့်Civil	ဖုန်း-၀၉-၅၁၉၇၅၇၇

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ပွဲတော်

တောင်ငူမြို့ ကုန်စည်ပြပွဲကြီး

Contact By 01 399919, 09 504 5766, 09 421 166 503, 09 43158239

ရိုးရိုးလေးပဲ တွေးကြည့်ပါ

တင်ဝင်း (ဆေးဝါး)

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသည့် နိုင်ငံတော်ကြီးတစ်ရပ် ဖြစ်ပေါ်လာရန်အတွက် ယနေ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေချိန်ဝယ် စာရေးသူတို့နိုင်ငံတွင် ပညာရေးနှင့် ကျန်းမာရေးကို အမြန်ဆုံး ပြုပြင်ပြောင်းလဲရေးသည်လည်း မရှိမဖြစ်လိုအပ်နေကြောင်း မီဒီယာများ အကြား ပြောဆိုသံများကို နေ့စဉ်ကြားသိနေရသည်။

စာရေးသူတို့ အမိနိုင်ငံတော်တွင် ဘက်ပေါင်းစုံပြုပြင်ပြောင်းလဲမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသည်ကိုလည်း မြင်တွေ့ခံစားနေရပေသည်။ ပြုပြင်ပြောင်းလဲမှုများ မည်သို့ပင်ပြောင်းလဲနေစေကာမူ မပြောင်းလဲသေးသည်များက နိုင်ငံတော်မှ တည်ဆောက်ဖွင့်လှစ်ပေးထားသည့် ဆေးရုံကြီးများ ပင်ဖြစ်သည်။ လူသားများနှင့် သက်ရှိသတ္တဝါအားလုံးအတွက် ကျန်းမာရေးသည် မရှိမဖြစ်သည့် အရာပင်ဖြစ်ပေသည်။ စာရေးသူတို့နိုင်ငံတွင် သန်းပေါင်း ၆၀ ကျော် လူဦးရေရှိသည့်အနက် အများစုသည် ဆင်းရဲသားပြည်သူများဖြစ်ကြသကဲ့သို့ ကျန်းမာရေးနှင့်ပတ်သက်လာလျှင်လည်း ငွေကြေးမတတ်နိုင်ကြသဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံကြီး၊ ဆေးခန်းကြီးများသို့ မတက်ရောက်နိုင်ဘဲ နိုင်ငံတော်က ဖွင့်လှစ်တည်ဆောက်ထားသည့် ဆေးရုံကြီးများတွင် မလွဲမသွေ အားကိုးအားထားပြုကာ တက်ရောက်နေကြရပေသည်။

နိုင်ငံတော်က ဖွင့်လှစ်တည်ဆောက်ထားသည့် ဆေးရုံကြီးများတွင် ဝေဒနာခံစားနေရသော လူနာများကို ရောဂါအလိုက် သွေးစစ်၊ ဆေးစစ်မှုများ ပြုလုပ်ရာတွင် အများအားဖြင့် ပြင်ပပုဂ္ဂလိကဓာတ်ခွဲခန်းများသို့ ဆေးစာရေးကာ စေလွှတ်နေကြခြင်းကို စာရေးသူကိုယ်တိုင် ဆေးရုံတက်ရောက်ခဲ့စဉ်က ကိုယ်တွေ့ခံစားခဲ့ရခြင်းဖြစ်ပေသည်။ "ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးက ကျားထက်ဆိုး"ဆိုသကဲ့သို့ ပြင်ပပုဂ္ဂလိကဓာတ်ခွဲခန်းများတွင် သွားရောက်စစ်ဆေးခဲ့ရခြင်းများကြောင့် စစ်ဆေးခများ သောင်းဂဏန်းမှ သိန်းဂဏန်းထိ ကုန်ကျရခြင်း၊ ဆေးရုံနှင့် ပုဂ္ဂလိကဓာတ်ခွဲခန်း အလှမ်းကွာလွန်းသဖြင့် ကားငှား၍ သွားရခြင်းများကြောင့် ကျန်းမာရေးချို့တဲ့နေရသည့် လူနာများအတွက် "တစ်ပူပေါ်နှစ်ပူဆင့်"ဆိုသကဲ့သို့ ငွေကြေးကုန်ကျမှုများက ထပ်ဆောင်းလာသဖြင့် ရောဂါမသက်သာသည့်အပြင် ရောဂါပိုတိုးလာသည့်အဖြစ်မျိုး ခံစားလာကြရပေသည်။ ပြင်ပပုဂ္ဂလိက ဓာတ်ခွဲခန်းများက ဤသို့သောသွေးစစ်၊ ဆေးစစ်ခြင်းမျိုးကို ပြုလုပ်နိုင်ပါလျှင် စာရေးသူတို့ပြည်သူအများ အားထားနေရသည့် "အထင်ကရ နိုင်ငံပိုင်ဆေးရုံကြီး"များတွင် သွေးစစ်ဆေးစစ်ခြင်းမျိုးကို ပြုလုပ်နိုင်သည့် ဓာတ်ခွဲခန်းများရှိသင့်ပါပြီ။

သို့ပါ၍ နိုင်ငံပိုင်ဆေးရုံကြီးများအနေဖြင့် ဆင်းရဲသားပြည်သူများကို ငဲ့ညှာထောက်ထားပြီး တာဝန်ရှိသူများက "ရိုးရိုးလေးတွေးကြည့်"ပြီး ပြည်သူလူထုအများစုအတွက် ကျန်းမာရေးဝန်ဆောင်မှုကောင်းများ ပေးနိုင်၊ ပြုစုနိုင်သော "အထင်ကရနိုင်ငံပိုင်ဆေးရုံကြီး"များအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ပါစေကြောင်း ရေးသားလိုက်ရပါတော့သည်။ ။

ရထားတွဲများပေါ်တွင် စာပေရေချမ်းစင်အိတ်များဖြင့် ပြည်သူများ အသိပညာတိုးပွားရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူလူထုအသိပညာ ဗဟုသုတ တိုးပွားရေး၊ စာတတ်သူတိုင်း စာဖတ်နိုင်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ရထားဖြင့်ခရီးသွားပြည်သူများ စာပေဗဟုသုတမျိုးစုံကို ရထားစီးရင်း လွယ်လင့်တကူ စာပေဖတ်ရှုနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့ ပူးပေါင်း၍ ရန်ကုန်ဘူတာကြီး၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီက ရန်ကုန်မှ ရွှေညောင်သို့ထွက်ခွာမည့် အမှတ်(၉) အဆန်ရထားနှင့် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မှ ပြည်သို့ ထွက်ခွာမည့် အမှတ်(၇၁) အဆန် ရထားများပေါ်သို့ စာပေရေချမ်းစင် အိတ်နှစ်အိတ်စီကို တင်ဆောင်ပေးခဲ့ပြီး ခရီးစဉ်တစ်လျှောက် စာပေလေ့လာဖတ်ရှုနိုင်ရန် ဝန်ဆောင်မှုပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ရထားစီးခရီးသွားပြည်သူများ လေ့လာဖတ်ရှုနိုင်ရန် တင်ဆောင်ပေးထားသော စာပေရေချမ်းစင်အိတ်များတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အားကစား၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ စသည့် သုတ၊ ရသစာအုပ် ၁၃ မျိုးပါရှိပြီး ဇူလိုင်လမှ လစဉ်ထွက်ရှိသည့် စာပေရေချမ်းစင် အတွဲ(၁) အမှတ်(၁)မှစ၍ အတွဲ(၁) အမှတ်(၆)အထိ သုတ၊ ရသ စာအုပ်စုစုပေါင်း ၁၄၆ အုပ်အား ရန်ကုန်-ရွှေညောင်ခရီးစဉ်အတွက် ခရီးသွားပြည်သူ ၃၀၀ ခန့်၊ ရန်ကုန်-ပြည် ခရီးသွားပြည်သူ ၅၀၀ ကျော်ခန့်အား စာပေဗဟုသုတရရှိရန် ပြည်သူများအတွက် ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

သတင်း - သန်းဝင်း(သန်လျင်)
ဓာတ်ပုံ - စိုးညွန့်ရွှေ

စာပေဗိမာန်စာကြည့်တိုက်နှင့် အရောင်းဆိုင် ပြန်လည်ဖွင့်လှစ်

မန္တလေး ဒီဇင်ဘာ ၂၀

မန္တလေးမြို့ ရတနာပုံဈေး အပေါ်ထပ်တွင် ဖွင့်လှစ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်ကို ၂၀၀၈ ခုနှစ်က မီးလောင်ခဲ့သဖြင့် ယာယီပိတ်ထားခဲ့ရာမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှစ၍ အောင်မြေသာစံမြို့နယ် (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြားသို့ ပြောင်းရွှေ့၍ ပြန်လည်ဖွင့်လှစ်ထားသည်။

စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် စာပေဗိမာန်စာမူဆုရ စာအုပ်များ၊ ပခုက္ကူ ဦးအုန်းဖေစာမူဆုရစာအုပ်များ၊ ဥပဒေစာအုပ်များ၊ သုတရသ စာအုပ်များ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သည်။ စာကြည့်တိုက်တွင်လည်း အင်္ဂလိပ်-မြန်မာ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနည်းပညာစာအုပ်များ ထားရှိပြီး စာပေလေ့လာသူများအား ငှားရမ်းပေးနေကြောင်း သိရသည်။ **(ဝဲပုံ)**

မောင်ပြည်သူ(မန္တလေး)

လူမှုရေး/စီးပွားရေးကြော်ငြာ

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်) ဖိတ်ကြားလွှာ

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)မှ ဒုတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပရန် ရှိပါသဖြင့် ကော့သောင်းသူ၊ ကော့သောင်းသားများနှင့် အသင်းသူ၊ အသင်းသားများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၂-၁-၂၀၁၄ (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ (၁း၀၀) နာရီတိတိ
နေရာ - M3 Food Center
တော်လှန်ရေးပန်းခြံရှေ့
ဗဟန်းမြို့နယ်အားကစားကွင်း၊ အနောက်ရွှေဂုံတိုင်၊ ရန်ကုန်မြို့။

နာယကနှင့်အမှုဆောင်အဖွဲ့

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ဒိုက်ဦးမြို့၊ ဖအောင်ဝဲ ထက်၊ လယ်၊ မူ ကျောင်းသားဟောင်းများ အဌမအကြိမ် မြတ်ဆရာပူဇော်မည်

ဒိုက်ဦးမြို့၊ ဖအောင်ဝဲထက်၊ လယ်၊ မူ ကျောင်းသား/သူဟောင်းများက အထက နှင့် မူလွန်၊ မူလတန်းကျောင်းများဖြစ်သော ဒါးပိန်စု၊ လက်ပန်တန်း၊ မြောက်ဘက်ကမ်းရွာလယ်၊ ရွာမ၊ ဘုတရာ၊ ရေလွဲ၊ ဆားကျင်း၊ နှင်းပုလဲနှင့် နတ်ကင်းကျောင်းတို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားကြည်သည့် အသက် (၆၀)နှစ် နှင့် အထက်ဆရာကြီး၊ ဆရာမကြီးများကို အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်မည်ဖြစ်ရာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက် (စနေနေ့) နံနက် ၉နာရီတွင် အမက (လွန်) ရွာလယ်၊ မြသဖူခန်းမသို့ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက
ဦးမြသိန်း ၀၉ ၃၁၆၁၉၇၇၁၊ **ဦးဌေး** ၀၉- ၇၃၂၄၃၆၄၇
ဦးတင်ရွှေ ၀၉- ၃၁၆၇၆၇၅၇၊ **ဦးသိန်းအောင်** ၀၉- ၃၁၆၁၄၉၃၁
ဦးစိုးညွန့် ၀၉- ၃၁၂၂၇၅ **တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း။**

ဖခင်အမည်မှန်

အထက(၃) သာကေတ၊ နဝမတန်း (I) မှ မမေသူသူကျော်၏ ဖခင်အမည်မှန်မှာ ဦးမူရသီး ဖြစ်ပါသည်။

ဦးမူရသီး

လူပျောက်

မသီတာအေး(၃၃)နှစ် [၁၀/မဒန(နိုင်)၁၅၀၁၂၆] မွန်လူမျိုး၊ မြန်မာစကားမပီ၊ စိတ်ဝေဒနာရှင်သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါ။

ကျေးဇူးဆပ်ပါမည်

၀၉-၄၂၈၀၃၉၀၉၇၊ ၀၉-၂၅၄၀၆၄ ၃၉၅
တိုက်(၂) အခန်း (၄၀၈)၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

DVB-T2 Set Top Box များအခမဲ့တပ်ဆင်ပေးထား၍ ရုပ်သံအစီအစဉ်များစွာ ပြည်သူများဝမ်းသာအားရကြည့်ရှုနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်သည့် ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊ အသံကြည်လင်စွာဖြင့် အခမဲ့ဖမ်းယူကြည့်ရှုနိုင်စေရန် နိုင်ငံတော်မှ လူမှုအဆင့် (E) အိမ်ထောင်စုများနှင့် လူမှုအသိုက်အဝန်းများအတွက် Set Top Box များကို အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော် ကောင်စီနယ်မြေရှိ ဒက္ခိဏသီရိ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိနှင့် ဇေယျာသီရိမြို့နယ် (၈) မြို့နယ်ရှိ လူမှုအသိုက်အဝန်းများအတွက် Set Top Box ၉၆၂ လုံးကို ပထမအကြိမ်အဖြစ် အခမဲ့ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိအဝေးပြေးကားဝင်းရှိ တော်ဝင်အဝေးပြေးမော်တော်ယာဉ်ဂိတ်တွင် ရုပ်မြင်သံကြားထုတ်လွှင့်မှုအစီအစဉ်များကို ပြန်ကြားရေးဝန်ကြီးဌာနမှ အခမဲ့ တပ်ဆင်ပေးထားသည့် ဒစ်ဂျစ်တယ် Set Top Box ဖြင့် ခရီးသွားပြည်သူများ ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊ အသံကြည်လင်စွာ ကြည့်ရှုနိုင်ရန် ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီက တပ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရသည်။ (ယာပုံ)

"ကျွန်တော်တို့ ယခင်က မြန်မာ့ရုပ်မြင်သံကြားလိုင်းတစ်လိုင်းတည်းကိုပဲ လွှင့်တဲ့အချိန် ခရီးသွားပြည်သူတွေ အပန်းဖြေဗဟုသုတရစေဖို့ ပြသပြီး ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။ ယခု ပြန်ကြားရေးဝန်ကြီးဌာနက အခမဲ့တပ်ဆင်ပေးတဲ့ Set Top Box နဲ့ ကျွန်တော်တို့ဂိတ်မှာ လိုင်းခုနစ်လိုင်းဖမ်းပြီး ကြည့်လို့ရတဲ့အတွက် ဘယ်လိုင်းကိုကြည့်ရမှန်းတောင် မသိတော့ဘူး။ အခုလောလောဆယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ကျင်းပနေတဲ့ ဆီးဂိမ်းပြိုင်ပွဲလိုင်းတွေကိုပဲ အချိန်ပြည့်လိုလိုပြပေးထားပါတယ်။ ခရီးသွားပြည်သူတွေကလည်း ကားစောင့်ရင်း ဝမ်းသာအားရကြည့်နေကြပါတယ်။ ဂိတ်နားက ဈေးရောင်းတဲ့သူတွေကလည်း အလှည့်ကျဆိုသလိုမျိုး ဒီမှာလာလာကြည့်ကြတာတွေ့ရတော့ ကျွန်တော်လည်း သူတို့နဲ့အတူ ဝမ်းသာရပါတယ်၊အခုလိုဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု တော်ဝင်ဂိတ်မှ ကြီးကြပ်ရေးမှူး ဦးလှညွှန့်က ဝမ်းသာအားရ ပြောပြသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်(၈)မြို့နယ်ရှိ လူမှုအဆင့် (E) အိမ်ထောင်စုများနှင့် လူမှုအသိုက်အဝန်းများအတွက် Set Top Box ၅၂၂၂ လုံးကို အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ရာ ဆေးရုံ၊ ဆေးခန်းများအတွက် ၁၅၈ လုံး၊ စီးပွားဖြစ်မဟုတ်သော စာသင်ကျောင်းများအတွက် ၆၈၂ လုံး၊ မိဘမဲ့/လူအိုရုံ/ မသန်စွမ်းကျောင်းများအတွက် တစ်လုံး၊ သိပ္ပံကောလိပ်ကျောင်းများအတွက် လေးလုံး၊ အများပြည်သူကြည့်ရှုရန် နေရာများအတွက် ၁၀ လုံး၊ စာကြည့်တိုက်များအတွက် ၁၀၄ လုံးနှင့် သာရေးနာရေးလူမှုရေးအသင်းများအတွက် သုံးလုံး စုစုပေါင်း ၉၆၂ လုံးကို ဒီဇင်ဘာ ၉ ရက်တွင် မြို့နယ်အလိုက်အခမဲ့ဖြန့်ဝေပေးခဲ့ပြီး လူမှုအဆင့် (E) အိမ်ထောင်စုများအတွက် ၄၂၆၀ လုံးကိုလည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(နေပြည်တော် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် စိတ္တာနုပဿနာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ITBMU) မှဦးစီးကျင်းပသော International Conference on Buddhist Meditation Practices and Buddhist Psychology Focusing on Emotions (Cittanupassana) အပြည်ပြည်ဆိုင်ရာဗုဒ္ဓမြတ်စွာ၏ စိတ္တာနုပဿနာတရားလက်တွေ့ကျင့်ကြံအားထုတ်မှုဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ မရမ်းကုန်းမြို့နယ် စွယ်တော်ဘုရားအနီး အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (ITBMU) ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံ၊ အဂ္ဂမဟာပဏ္ဍိတ ITBMU ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိချုပ် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆန်းဆင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်များမှဆရာတော်များနှင့် ပါမောက္ခများ၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓဝိပဿနာအဖွဲ့ချုပ်အသီးသီးမှဆရာတော်များ၊ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကျောင်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဗန်းမော်ဆရာတော်ကြီးက အဖွင့်အမှာစကားကိုမိန့်ကြားသည်။ ဆက်လက်၍ ပါမောက္ခချုပ် ဆရာတော်ဒေါက်တာအရှင်နန္ဒမာလာဘိဝံသက စိတ္တာနုပဿနာတရား၏ အဓိကအချက်အလက်များကို မိန့်ကြားပြီး သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားကို လျှောက်ထားပြောကြားသည်။ ဆွေးနွေးပွဲကို နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ သုံးရက်ကျင်းပပြီး ဒီဇင်ဘာ ၁၄ ရက် ပိတ်ပွဲအခမ်းအနားတွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက စိတ္တာနုပဿနာတရားတော်၏အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရှင်းလင်းမိန့်ကြားပြီး ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခဒေါက်တာသန့်ဇင်နိုင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အပြည်ပြည်ဆိုင်ရာတရားဆွေးနွေးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(မုံရွာ-ညိုလေး)

မူလတန်းအဆင့် ဆရာ ဆရာမများ သင်ကြားမှု စွမ်းဆောင်ရည်မြင့်မားရေး လုပ်ငန်းဆွေးနွေး

ကသာ ဒီဇင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာနနှင့်ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သော အခြေခံပညာနှင့် ကျား/မ ခွင့်တူညီမျှရေး အစီအစဉ်အရ ကလေးပျော်ကျောင်းများရှိ မူလတန်းအဆင့်သင် ဆရာဆရာမများ သင်ကြားမှုစွမ်းဆောင်ရည် မြင့်မားရေး လုပ်ငန်းဆွေးနွေးပွဲ အပိုင်း(၂)အဆက်ကို ယမန်နေ့ နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် စက်တောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း စာသင်ခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ကြီးကြပ်ရေးမှူး၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးအောင်နိုင်ဦးနှင့် သင်တန်းနည်းပြ ဆရာဆရာမ ခုနစ်ဦးတို့က သင်တန်းသား ၅၃ ဦးတို့အား လက်တွေ့သရုပ်ပြဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

လူမှုရေး/စီးပွားရေးကြော်ငြာ

စာပေမြင့်မှ လူမျိုးတင့်မည်

ပညာပါရမီ
(၂) တန်း၊ (၁၀) တန်း အဆင့်မြင့်တော်ဖိ

English Speaking
U Win Maw (Research)
4 Skills

AUNG JAPANESE ACADEMY (Since 2007)
AUNG JAPANESE ACADEMY

Total Skin Repair
ဝက်ခြံ၊ တင်းတိပ်၊ မဲ့ခြောက်၊ အမာရွတ်၊ ချိုင့်ခွက်၊
အသားရေတင်းရင်း အရေးကြောင်းများ
ပြုပြင်ထိန်းသိမ်းရေး Center
ဆိုင်(၁) ဘုရင့်နောင်တာဝါ၊ 2(A)၊ ၃ လွှာ(၃၀၂)၊
ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်းထောင့်
ဖုန်း-၀၁-၅၃၂၁၈၃၊ ၀၉-၂၀၅၃၁၈၆
ဆိုင်(၂) ရွှေအုန်းပင်အိမ်ရာ (၃)၊ ရန်ကင်း
ဖုန်း-၀၉-၂၀၀၀၉၂၆
ဆိုင်(၃) မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဝါဝါဝင်းကွန်ဒို၊ အခန်း(၁၃၀၄)၊
၁၃လွှာ၊ အောင်ဆန်းကွင်းအနီး၊
မောင်ဝိတ်ကွန်ဒိုနှင့်ကပ်လျက်
ဖုန်း-၀၁-၃၉၃၀၉၇၊ ၀၉-၉၁၀၁၉၂၆၄

ပြည်တွင်းရေးရာ

နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကျောက်ဆည် ဒီဇင်ဘာ ၂၀

လေးမျက်နှာစေတီတော်မြတ်ကြီးတွင် သီတင်းသုံးတော်မူသော နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်မြတ်များ မြို့မ(၁၀)ရပ်ကွက်သို့ လှည့်လည်ပူဇော်ပွဲကို ၁၃၇၅ ခုနှစ် နတ်တော်လပြည့်နေ့ (ဒီဇင်ဘာ ၁၇ ရက်) ညနေ ၆ နာရီမှ စတင်ပြီး မူလကိန်းဝပ်စံပယ်တော်မူသည့် လေးမျက်နှာစေတီတော်ကြီးမှ ရှေးအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်ခံပွဲကျင်းပခဲ့ကြောင်း သိရသည်။

နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ မြို့မ(၁၀)ရပ်ကွက်သို့ လှည့်လည်ပူဇော်ရန်အတွက် ဒေသစာရီကြွချီတော်မူမည့် ရက်မတိုင်မီ ၁၀ ရက်ခန့်မှ ကြိုတင်ကာ သံဃာတော်အပါး ၃၀ ဖြင့် အနေကဇာတင်လှူပြီး ဘုရားဒါယကာ၊ ဒါယိကာမများအား ပူဇော်နိုင်ရန်အတွက် ပင့်ဆောင်ခွင့်ပြုခဲ့ပြီး ညနေ ၆ နာရီတွင် လေးမျက်နှာဘုရားမှ မြို့မ(၁၀)ရပ်ကွက်တို့ကို ၂၈ ဆူကုန်သော မြတ်စွာဘုရားများအား ဝါစဉ်အလိုက် မြို့နယ်သံဃနာယက ဆရာတော် အရှင်သူမြတ်တို့ကိုယ်တိုင် ဦးဆောင်တော်မူပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များဖြင့် ဘုရားဒါယကာ၊ ဒါယိကာမများက ရောင်စုံမီးအလှများဆင်ကာ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင်ပြီး လှည့်လည်အပူဇော်ခံရာတွင် ဒေသခံများက လမ်းတစ်လျှောက် ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ကြသည်။

နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ မြို့မ(၁၀)ရပ်ကွက်သို့ လှည့်လည်ပူဇော်ခြင်းနှင့်ပတ်သက်ပြီး "ရှေးယခင်ကတည်းက ကျင်းပခဲ့တာ၊ အရင်ကတော့ ရုပ်ပွားတော်မြတ်များကို ဘုရားကျောင်းဆောင်များဖြင့် ထမ်းကာ ပင့်ဆောင်ပူဇော်ခဲ့တယ်၊ အခုချိန်မှာတော့ ကားတွေပေါ်မှာ ရောင်စုံမီးတွေဆင်ပြီး ပင့်ဆောင်ကြတော့ လူတွေက ပိုပြီးဖူးမြော်ကြည်ညိုလာကြတယ်၊ နောက်ပြီး ဖျော်ဖြေရေးအဖွဲ့တွေလည်းပါတော့ ပိုပြီးစည်ကားတာပေါ့" ဟု လေးမျက်နှာဘုရားဥက္ကဋ္ဌ ဦးလှတင့်နှင့် အတွင်းရေးမှူး ဦးသက်ထွန်း၏ပြောပြချက်အရ သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

၂၀၁၄ ခုနှစ် မတ်လ တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများအား မြတ်ပညာဒါန(အနီးကပ်)အခမဲ့ပို့ချပေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၀

၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား မြတ်ပညာဒါနအကျိုးဆောင်အဖွဲ့မှ နှစ်(၃၀) တက္ကသိုလ်ကောလိပ်များတွင် တာဝန်ထမ်းဆောင်ခဲ့သော အတွေ့အကြုံရင့်ကျက်သည့် ကထိကဟောင်းများက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (ကြာသပတေးနေ့)တွင် စတင်၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄/၃) မြင်သာရပ်ကွက် အမှတ်(၁၃) စကားဝါလမ်း၌ အနီးကပ်သင်တန်းပို့ချပေးသွားမည် ဖြစ်သည်။

မြတ်ပညာဒါန အနီးကပ်ပို့ချချက်တွင် တက္ကသိုလ်များ၊ ကောလိပ်များမှ အတွေ့အကြုံရင့်ကျက်သော ကထိကဟောင်းများဖြစ်ကြသည့် ဆရာဦးမြတ်သူ(ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန)၊ ဒေါ်သင်းသင်းဆွေ(နည်းပညာတက္ကသိုလ်)၊ ဒေါ်မြင့်မြင့်ဆွေ(နည်းပညာတက္ကသိုလ်)၊ ဒေါ်နီနီ(အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးကျော်ဝင်းနိုင်(စီးပွားရေးတက္ကသိုလ်)၊ ဒေါ်မိုးမိုး(မကွေးကောလိပ်)တို့က ပညာဒါနပြုသင်ကြားသွားမည်ဖြစ်သည်။

အဆိုပါ အခမဲ့ပို့ချမှုကို တနင်္လာနေ့မှ စနေနေ့အထိ ခြောက်ရက် နံနက် ၆ နာရီခွဲမှ ၇ နာရီ ၄၅ မိနစ်အထိ၊ တနင်္လာနေ့တွင် အင်္ဂလိပ်စာ၊ မြန်မာစာ၊ အင်္ဂါနေ့တွင် သင်္ချာနှင့် မြန်မာစာ၊ ဗုဒ္ဓဟူးနေ့တွင် ဓာတုဗေဒနှင့် သင်ကြားပြီးသော ဘာသာများ ပြန်လည်စစ်ဆေးခြင်း၊ ကြာသပတေးနေ့တွင် သင်္ချာ၊ အင်္ဂလိပ်စာ၊ သောကြာနေ့တွင် ဇီဝဗေဒ၊ စီးပွားရေး၊ အင်္ဂလိပ်စာ၊ စနေနေ့တွင် ရူပဗေဒ၊ သင်ကြားပြီးသော ဘာသာများ ပြန်လည်စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

မြတ်ပညာဒါန အနီးကပ်ပို့ချချက်များကို အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး လူဦးရေ ၃၀ သာလက်ခံ၍ ဘာသာရပ်စာတမ်းကြေး တစ်လ ကျပ် ၅၀၀၀ သတ်မှတ်ထားပြီး တက်ရောက်လိုသူများသည် ဆရာဦးမြတ်သူ(ကထိကဟောင်း) အမှတ် (၁၃/၁) စကားဝါလမ်း (၁၄/၃) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(စိန်ရွှေလှိုင်)

လူဦးရေနှင့် အိမ်အကြောင်းအရာ ဟောပြော

ရေဖြူ ဒီဇင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက (က)ရပ်ကွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဟောပြောပွဲကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိဦးကျော်ဝင်းက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမည့်ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းကောက်ရမည့်သူများ၊ ထည့်မကောက်ရမည့်သူများ၊ မေးခွန်းများကို မှန်ကန်စွာဖြေဆိုခြင်းနှင့် လူဦးရေစာရင်းမှန်ကန်မှ အနာဂတ်လူနေမှု ဘဝတိုးတက်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအကြောင်း ရှင်းလင်း

သထုံ ဒီဇင်ဘာ ၂၀

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်းများကို ရှင်းလင်းစွာ သိရှိစေပြီး မေးခွန်းများအား ရဲဝံ့မှန်ကန်စွာဖြေဆိုနိုင်ရေး ဆွေးနွေးဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က သထုံမြို့နယ်အတွင်း သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မွန်ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းရဲထွန်းက သန်းခေါင်စာရင်း၏ နောက်ကြောင်းရာဇဝင်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အသုံးဝင်ပုံနှင့် သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။**(အောက်ပုံ)**

အဆိုပါရှင်းလင်းပွဲသို့ သထုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ရေစကြိုမြို့နယ် ငါးလုံရွာ၌ မီးလောင်မှုဖြစ်ပွား

ရေစကြို ဒီဇင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငါးလုံရွာ၌ ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီက ဒေါ်နုနု၏နေအိမ်မှ မီးလောင်မှုဖြစ်ပွားရာ နေအိမ် လေးလုံး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ကျေးရွာမှ တာဝန်ရှိသူများနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

လူမှုရေး/စီးပွားရေးကြော်ငြာ

၁၉၈၀-၈၃ရန်ကုန်စက်မှုတက္ကသိုလ်(စက်မှုအင်ဂျင်နီယာ) ကျောင်းသား/သူများ၏ နှစ်(၃၀)မြောက် (ပုလဲရတု)ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၀-၁၉၈၃)စက်မှုအင်ဂျင်နီယာ ကျောင်းသား/သူများ၏ ဆရာပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ၁၉၈၀ခုနှစ်တွင် ကျောင်းအတူ ဝင်ခဲ့သူများနှင့် မည်သည့်ခုနှစ်တွင် ကျောင်းဝင်သည်ဖြစ်စေ၊ ၁၉၈၃ခုနှစ်တွင် ကျောင်းအတူ ပြီးခဲ့သူ၊ မပြီးခဲ့သူ သူငယ်ချင်းများအားလုံး တက်ရောက်ပါရန် ခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက်	၂၈-၁၂-၂၀၁၃ရက်(စနေနေ့)
အချိန်	၁၅း၀၀ နာရီ
နေရာ။	။ Mai Thai (ထိုင်းစားသောက်ဆိုင်) အမှတ်(၁၉၇/၁-၃)၊ အနောက်ရွှေဂုံတိုင်(၅)လမ်း၊ ဗဟန်းမြို့နယ်။

ဆက်သွယ်ရန်-

ဦးသန်းမြင့် ဖုန်း-၀၉-၅၁၆၂၂၉၅၊ ဦးညီညီ ဖုန်း-၀၉-၅၅၀၃၀၃၃၊ ဦးအောင်မြင့် ဖုန်း-၀၉-၅၁၈၂၄၅၅၊ ဦးမြင့်ဦး ဖုန်း-၀၉-၅၀၉၈၃၈၈၊ ဦးလှဌေး ဖုန်း-၀၉-၅၀၀၅၂၆၅၊ ဒေါ်မြဝင်း ဖုန်း-၀၉-၄၉၂၉၇၈၀၉

ဒေါက်တာသက်လွင် (အမျိုးသားစာပေဆုရ)

- သမိုင်းပြောသောပုဂံ၊ ပုဂံကပြောသောသမိုင်း(နဝမအကြိမ်)
- ကူနီနန်းနှင့် ပုခန်းမြေ (ပုခန်းသမိုင်းနှင့် ပုခန်းကိုကြီးကျော်နတ်သမိုင်း) (ဒုတိယအကြိမ်)
- စနစ်ဟောင်းမို့၊ ခေတ်ပြောင်းစို့

ဖြန့်ချိရေး----

- သဗ္ဗညုဘုရား၊ ပုဂံ ဖုန်း-၀၉-၄၀၂၇၇၃၇၀၅
- သပြေညို -ဆုံဆီ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၄၂၅၀၊ ၀၁-၉၁၉၀၁၁၇
- ဂုဏ်ထူးစာပေ၊ အမှတ်(၁၉၂)၊ ၃၃လမ်း(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၆၅၉၀၊ ၀၁-၃၇၇၄၃၀
- TAB BOOK CENTRE တော်ဝင်စင်တာအပေါ်ဆုံးထပ်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၀၀၀၄၂၊ ၀၁-၈၆၀၀၀၄၃၊ ၀၁-၈၆၀၀၀၄၄

ခရစ်ယာန်ဘာသာဝင်များဆိုင်ရာ ဥပဒေနှင့်သိကောင်းစရာများ

မောင်စိန်(ဥပဒေ)စုစည်းတင်ပြသည်။

ဖြန့်ချိရေး-ခရေဖူး(ဥပဒေ) စာပေ/အမှတ်-၆၉၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊

ဖုန်း-၀၉-၅၁၄၂၂၀၆၊ ၇၃၀၁၆၆၆၀







မွေးနေ့ဆုတောင်း

ဦးခင်ဝင်း(ဥက္ကဋ္ဌ) စိန်ရွှေထီးဝိတ်တန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏(၂၁. ၁၂. ၂၀၁၃)ရက်တွင် ကျရောက်သော မွေးနေ့မှသည် အသက်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး လူမျိုးဘာသာ သာသနာအကျိုးကို ဆွမ်းဆွမ်းတမံ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ
ဓော်အောင်ဝိုင်းအင်ဂျင်နီယာနှင့်
ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်
ဝန်ထမ်းမိသားစု

အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ
စိန်ရွှေထီးဝိတ်တန်း
ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်
ဝန်ထမ်းမိသားစု

ဆေးရုံအုပ်နှင့် ဝန်ထမ်းများ
ချမ်းမြေ့မေတ္တာဆေးရုံ(သန်လျင်)
ဝန်ထမ်းမိသားစု

ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲ

ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့

ကမ္ဘာ့သာသနာပြု မဟာဇေယျ သိဒ္ဓိအဓိဋ္ဌာန် ဆရာတော် ဘဒ္ဒန္တကုလရက္ခိတ ဦးဆောင်၍ တည်ထားသော ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုပ်ကျေးရွာ၌ ဥာဏ်တော်အမြင့် (၁၁၀) ပေရှိ ရုပ်တော်မူ"အောင်ဆုပန်ဘုရားကြီး"ကို (၂၀၁၃)ခုနှစ် ဒီဇင်ဘာလ(၂၇)ရက်နှင့် (၂၈)ရက်တို့တွင်လည်းကောင်း၊ ကျောက်တော်မြို့၌ တည်ထားသည့် ဥာဏ်တော်အမြင့် (၇၂)ပေရှိ ထိုင်တော်မူ "မဟာကံကြီးရှင်" ဗုဒ္ဓရုပ်ပွားတော်မြတ်အား (၂၀၁၃)ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နှင့် (၂၉)ရက်တို့တွင်လည်းကောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်ကို ရခိုင်ရိုးရာကျင်ပွဲ၊ ချောတိုင်တက်ပွဲ၊ စင်တင်တေးဂီတ ဖျော်ဖြေပွဲစသော ပျော်ပွဲရွှင်ပွဲများဖြင့် စည်းကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ မည်သူမဆို လာရောက်ပူဇော်ကုသိုလ်ယူ၊ လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အဓိဋ္ဌာန်ဗုဒ္ဓသာသနာပြုအဖွဲ့
ဆက်သွယ်ရန် စစ်တွေ ဖုန်း -၀၄၃-၂၃၁၈၈
ရန်ကုန် ဖုန်း-၀၉-၅၁၂၅၄၄၀

၁၉၉၄ intake၊ ၂၀၀၂ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ ပထမအကြိမ်မြောက်၊ အာစရိယပူဇော်ပွဲနှင့်ညစာစားပွဲ ဖိတ်ကြားလွှာ

